မွေ့မိတ်ဆွေများအသင်း မွေ့ဂျာနယ်

# ဟောမန်ဦးစာစောင်

အမှတ် (၁၃)



**Sunday, October 23rd 2011**

masoeyeindfa@gmail.com

# ဟေမန္ဒီး စာစောင်

အမှတ်စဉ်(၁၃)

October 23, 2011. Sunday

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | မာတိကာ | | က |
| ၂။ | ဓမ္မမိတ်ဆွေများအသင်း၏ယုံကြည်ချက်နှင့်အမိဋ္ဌာန် | | ခ |
| ၃။ | သံဝေဂဓမ္မလက်ဆောင် | မင်းကွန်းတိပိဋကဓရဆရာတော်ကြီး | ဂ |
| ၄။ | ကထိန်ဟူသည် | အရှင်ကေလာသ(မစိုးရိမ်) | ဃ |
| ၅။ | ကျေးဇူးများသူ | မစိုးရိမ်ဆရာတော်ကြီး | ၁ |
| ၆။ | မစိုးရိမ်ဆရာတော်နှင့်ပြည်ပသာသနာ | အရှင်ပညာ(မစိုးရိမ်သာသနဇောတိက) | ၆ |
| ၇။ | ဗုဒ္ဓပွင့်တော်မူရာလုမ္ဗိနီ | အရှင်ဝိစက္ခဏ(သာသနာ့တက္ကသိုလ်–မန်း) | ၉ |
| ၈။ | ဝဋ္ဋာသောင်းလုံးဖိန့်ဖိန့်ချုန်း(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၁၁ |
| ၉။ | စိုးရိမ်မှု | အရှင်ကေလာသ(မစိုးရိမ်) | ၁၂ |
| ၁၀။ | Religious Emotion | Ashin Kelasa (Nissoka) | ၁၅ |
| ၁၁။ | နိဗ္ဗာန်ဟူသည်(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၁၆ |
| ၁၂။ | အမေကျေနပ်ပါပြီသားရယ်(အပိုင်း–၃) | မောင်ပညာ(မန်းတက္ကသိုလ်) | ၁၇ |
| ၁၃။ | ရာဟုလောဝါဒ်ဆုံးမစာ(ကဗျာ) | မောင်ပညာ(မန်းတက္ကသိုလ်) | ၂၂ |
| ၁၄။ | မောင်ကောင်းမြတ်သို့ပေးစာ | ဒေါက်တာအောင်ကြိုင် | ၂၄ |
| ၁၅။ | ကမ္ဘာ့အေးတရား | ခင်သက်တင်(ပညာရေး) | ၂၆ |
| ၁၆။ | ကဗျာကိုသိကုံးပန်းသွင်ရေးစေချင်သည်(အပိုင်း–၁) | အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်) | ၃၀ |
| ၁၇။ | အလှူရှင်စာရင်း | | |


ဓမ္မမိတ်ဆွေများအသင်း၊ မစိုးရိမ်သာသနဇောတိကကျောင်း၏ သတင်းအချက်အလက်များကို
www.masoeyeindfa.org
အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဓမ္မမိတ်ဆွေများအသင်း၏ ယုံကြည်ချက်နှင့် အဓိဋ္ဌာန်

ဤဓမ္မမိတ်ဆွေများအသင်းကို ၁၉၉၉–ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ကျွန်ုပ်တို့အသင်းသူ၊အသင်းသားများသည်ဓမ္မမိတ်ဆွေများအသင်း၏အဖွဲ့ဝင်များဖြစ်သည့်အလျောက် ဖော်ပြပါယုံကြည်ချက်ကိုလက်ကိုင် ထား၍အဓိဋ္ဌာန်ပြုပါသည်။

၁။အသင်းသူ၊အသင်းသားများနှင့်မြန်မာမိသားစုများသည်ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ်ပိုမိုယုံကြည် နားလည်လာမည်ဟုယုံကြည်ခြင်း။

၂။ထေရဝါဒဗုဒ္ဓသာသနာသည်ပုဂ္ဂိုလ်စွဲဂိုဏ်းစွဲမထားပဲလွတ်လပ်စွာပြန့်ပွားလာမည်ဟုယုံကြည်ခြင်း။

၃။ဗုဒ္ဓဘုရားရှင်၏စစ်မှန်သောဓမ္မဒေသနာများကိုပိုမိုသဘောပေါက်လာမည်ဟုယုံကြည်ခြင်း။

၄။မြန်မာကလေးသူငယ်များမြန်မာ့စာပေနှင့်ယဉ်ကျေးမှုကိုမြတ်နိုး၍ထိန်းသိမ်းထားလိုသောမျိုးချစ်စိတ် တိုးပွားလာမည်ဟုယုံကြည်ခြင်း။

၅။အသင်း၏အမှုဆောင်အဖွဲ့နှင့်အသင်းသူ၊အသင်းသားများသည်မည်သည့်အဖျက်အဆီးအနှောက် အယှက်မျိုးကိုမဆိုရင်ဆိုင်ကျော်လွှားနိုင်မည်ဟုသောယုံကြည်ချက်ဖြင့်အသင်းတည်တံ့ခိုင်မြဲရေးနှင့် တိုးတက်အောင်မြင်ပြန့်ပွားရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

ဤအသင်း၏ တည်တံ့အောင်မြင်နိုင်ရေးအတွက် ဆက်လက်ပံ့ပိုးကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာပန်ကြားအပ်ပါသည်။

**ဓမ္မမိတ်ဆွေများအသင်း**

**အဓိဋ္ဌာန်**

ငါတို့ဖြစ်ရ ဤလောကဝယ်
ဘဝသမိုင်းမရိုင်းစေရန်
စိတ်မာန်မချမာနမပါ
တိုးစွမ်းရာဖြင့်တို့သာသနာတို့ပြည်ရွာကို
သာယာစေမှုလုံ့လပြုအံ့။

## မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏သံဝေဂဓမ္မလက်ဆောင်

— — — — — — — —

ရုပ်နာမ်ဓမ္မ၊သင်္ခါရတို့၊
ကိုယ်ကဤပုံ၊ဖြစ်လိုတုံလည်း၊
တဖုံဆင်ကွဲ၊သူတနဲ၊ဖြင့်၊
ဖောက်လွဲတတ်စွာ၊ဓမ္မတာကို၊
ပညာစက္ခု၊မျှော်ထောက်ရှု၍၊
ယခုပင်လျှင်၊မအိုခင်က၊ကြိုတင်ကောင်းမှု၊ကြိုးစားပြုလော့။
ယခုပင်လျှင်၊မနာခင်က၊ကြိုတင်ကောင်းမှု၊ကြိုးစားပြုလော့။
ယခုပင်လျှင်၊မသေခင်က၊ကြိုတင်ကောင်းမှု၊ကြိုးစားပြုလော့။
ရတုချိန်ထောက်၊ဤခါရောက်မှ၊ချုပ်ပျောက်ခန္ဓာ၊သေပိန့်ငါဟု၊
သတ္တဝါခပင်း၊ရှင်သေမင်းနှင့်၊မိတ်သင်းဖွဲ့လျက်၊
ချိန်းအချက်လျှင်၊တစက်ကမှ၊မရှိကြဘူး။
အပ္ပမာဒေနသမ္ပာဒေထ၊
ဘုရားစကား၊လိုက်နာပွားသည်၊တရားလက်မလွှတ်စေနှင့်။

(မင်းကွန်းတိပိဋကဓရဆရာတော်ကြီး)

မာတိကာသို့

# ကထိန်ဟူသည်

ကထိန်ဆိုသည်မှာ ကထိနဟူသောပါဠိပုဒ်မှ ဆင်းသက်လာသောစကား ဖြစ်သည်။ ကထိနဟူသည် မြဲမြံခိုင်ခံ့ခြင်းဟု အဓိပ္ပါယ်ရသည်။ ရဟန်းတော်တို့အား အကျိုးအာနိသင်ငါးမျိုးကို တစ်စုတည်းတစ်ပေါင်းတည်း သိမ်းကျုံးရရှိစေနိုင်ခြင်းဟူသောအကျိုးအာနိသင်မြဲမြံခြင်းကြောင့်ကထိန်ဟုဆိုပါသည်။ဘုရားစသောသူတော်ကောင်းတို့ချီးမွမ်းအပ်သောအမှုဖြစ်သည်။ကထိန်ခင်းခြင်းကြောင့်ရဟန်းတို့ရရှိအပ်သောအကျိုးငါးပါးမှာ –

၁။ အနာမန္တစာရ = ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ သွားလိုရာ သွားနိုင်ခြင်း။

၂။အသမာဒါနစာရ=တိစီဝရိက်အဓိဋ္ဌာန်တင်ထားသောသင်္ကန်းနှင့်ကင်း၍ပေါ့ပေါ့ပါးပါးသွားလာနိုင်ခြင်း။

၃။ ယာဝဒတ္ထစီဝရ = ရရှိသမျှသင်္ကန်းတို့အား အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သုံးဆောင်နိုင်ခြင်း။

၄။ ဂဏဘောဇန = မအပ်သောဖိတ်မန္တနည်းဖြင့် ဖြစ်သော ဆွမ်းကို စုပေါင်းခံယူစားသုံးနိုင်ခြင်း။

၅။ယောစတတ္ထစီဝရုပ္ပါဒ=ဖြစ်ပေါ်သမျှသောသင်္ကန်းတို့ကိုသုံးဆောင်နိုင်ခြင်း–တို့ဖြစ်သည်။

ကထိန်ခင်းခြင်းကြောင့်သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှတပေါင်းလပြည့်နေ့အထိငါးလတိုင်တိုင် ဘုရားရှင်ပညတ်တော်မူသောအကျိုးအာနိသင်ရရှိရသက်ဆိုင်ရသိက္ခာပုဒ်များမှကာလအခိုက်အတန့်အားဖြင့် သက်သာရာ ရရှိပါသည်။ ကထိန်ခင်းသော ရဟန်းတော်တို့ကဲ့သို့ပင် ကထိန်အလှူလှူဒါန်းသော ပုဂ္ဂိုလ်တို့သည်လည်း 'ဇနေတိသဒိသံပါကံ' 'တူသောအကျိုးကိုပေးသည်' ဆိုသည့်အတိုင်းအကျိုးအာနိသင် ငါးမျိုးကို ရရှိပါသည်။

ကထိန်အလှူလှူဒါန်းသူတို့ရရှိသော အကျိုးများမှာ –

၁။ သွားချင်သည့်အရပ်ကို သွားလာနိုင်ခြင်း။

၂။ မိမိပစ္စည်းကို ဘေးရန်ကင်းစွာ ထားရှိနိုင်ခြင်း။

၃။ အဝတ်အစား အမျိုးမျိုး ဝတ်ဆင်နိုင်ခြင်း။

၄။ အဆိပ်အတောက် မဖြစ်ခြင်း။

၅။ မိမိအတွက် ရည်မှန်းထားသည်ကို တစ်ပါးသူက ကြားဖြတ် မသုံးဆောင်နိုင်ခြင်း–တို့ဖြစ်သည်။

ထိုကဲ့သို့အလှူပေး၊အလှူခံနှစ်တန်သောအကျိုးကိုပေးစွမ်းနိုင်သော၊ဘုရားစသောအရိယာသူတော်ကောင်းတို့ချီးမွမ်းအပ်သောအလှူသည်ကားကထိန်သင်္ကန်းအလှူသာလျှင်ဖြစ်ပေသည်။ရှေးသူတော်ကောင်းကြီးများကလည်း 'သင်္ကန်းမှာကထိန်၊ကျောင်းမှာသိမ်၊ဆွမ်းမှာပိဏ္ဍ' ဟုမြင့်မြတ်သည်များကိုညွှန်းဆိုလျက် သင်္ကန်းအလှူဟူသမျှတို့တွင် ကထိန်းသင်္ကန်း လှူဒါန်းခြင်းသည် ကြီးကျယ် မွန်မြတ်သာလွန်ကြောင်း ချီးမွမ်းခဲ့ကြသည်။ထို့ကြောင့်ကထိန်အလှူဒါယကာ,အလှူဒါယိကာမအပေါင်းတို့သည်မိမိတို့ပြုလုပ်အပ်သော အလှူသည်ကား ''ကြီးကျယ်မွန်မြတ်သောအလှူ ဖြစ်ပေသည်တကား'' ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြပါစေကြောင်း အနုမောဒနာကထာ ရေးသားအပ်ပါပေသတည်း။

အရှင်ကေလာသ (မစိုးရိမ်)

masoeyeindfa@gmail.com

မာတိကာသို့

# ကျေးဇူးများသူ

မစိုးရိမ်ဆရာတော်ကြီး

ကဲ. . . ဒီနေ့တော့ ဣတိပုဝ်ပါဠိတော်မှာလာတဲ့ 'ဗဟုကာရသုတ္တန်'ကို ဟောမယ်။ မဟောမီ ဗုဒ္ဓပဏာမ ဘုရားရှင်ကို ရှိခိုးကြရအောင် လက်အုပ်ချီထားကြပါ။

နမော တေ သဗ္ဗဒဿာဝီ၊
နမော တေ ကရုဏာကရ၊
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံ ဒဒ။

သဗ္ဗဒဿာဝီ၊ အလုံးစုံသောတရားတွေကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရား။ တေ၊ အလုံးစုံသောတရားတွေကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိတော်မူသော ရှင်တော်ဘုရားအား။ နမော၊ ရိုသေမြတ်နိုး မာန်ညွှတ်ကြိုး၍ ရှိခိုးကန်တော့ပါသည် မြတ်စွာဘုရား။ ကရုဏာကရ၊ ကရုဏာ၏တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား။ ဝါ-ကရုဏာကရ၊ ရာဟုလာသား ထပ်တူထား၍ သနားကြင်နာ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ ကရုဏာသခင် ရှင်တော်မြတ်ဘုရားအား။ နမော၊ ရိုသေမြတ်နိုး မာန်ညွှတ်ကြိုး၍ ရှိခိုးကန်တော့ပါသည် မြတ်စွာဘုရား။ တိဏ္ဏသံသာရ၊ သံသရာတည်းဟူသော ဝဲသြဃရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တက်ရောက်တော်မူပြီးသော မြတ်စွာဘုရား။ တေ၊သံသရာတည်းဟူသော ဝဲသြဃရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တက်ရောက်တော်မူပြီးသော ရှင်တော်မြတ်ဘုရားအား။ နမော၊ ရိုသေမြတ်နိုး မာန်ညွှတ်ကြိုး၍ ရှိခိုးကန်တော့ပါသည် မြတ်စွာဘုရား။ အမတံဒဒ၊ သေခြင်းကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ပေးတော်မူတတ်သော မြတ်စွာဘုရား။ တေ၊ သေခြင်းကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ပေးတော်မူတတ်သော မြတ်စွာဘုရားအား။ နမော၊ ဗုဒ္ဓဂုဏ်ကို အာရုံထပ်ထပ် စိတ်ဇောကပ်လျက် မပြတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည် မြတ်စွာဘုရား။

သဒ္ဒါစည်းကမ်းအရ နမောပုဒ်ကို အတ္တုပါဌ သေသမှာ ထည့်စပ်၍ အနက်ပေးရမှာ ဖြစ်ပါတယ်။ ဒီမှာတော့ ဗုဒ္ဓပဏာမ ချောမွေ့ကြည်ညိုဖွယ်ဖြစ်အောင် 'အတ္တု' မြှုပ်ထားလိုက်ပါတယ်။ ဒီဗုဒ္ဓပဏာမ ဂါထာကတော့ ခေမာထေရီ ရဟန္တာမ ဘုရားရှိခိုး တဲ့ ဂါထာပါ။ အလှဂုဏ်, ဓနဂုဏ်, အာဏာဂုဏ်တွေနဲ့ ယစ်မူးနေတဲ့ ခေမာမိဖုရားကြီးဟာ မြတ်စွာ ဘုရားထံ သွားရောက်ဖူးမြော်တရားနာဖို့ ရှောင်လွှဲခဲ့သူ ဖြစ်ပါတယ်။ ဝေဠုဝန်ကျောင်းတော်ဒကာ ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွဲဆောင်မှုနဲ့ ဘုရားထံမှောက်ရောက်ပြီး အကျွတ်တရားရ၊ ရဟန္တာမကြီးဖြစ်သွားတော့မှ ကျေးဇူးတင်လွန်းလို့ မြတ်စွာဘုရားကို ရှိခိုးတဲ့ဂါထာနဲ့ တရားပွဲစလိုက်ရပါတယ်။ အဲဒီဂါထာနဲ့ ခေမာထေရီ အကြောင်းကိုတော့ မြန်မာပြည်မှာ 'ဂီတစွမ်းအင် နိဗ္ဗာန်မြင်'လို့ နာမည်ပေးပြီး တော်တော်ရှည်ရှည် ဟောခဲ့ပါတယ်။

ဗဟုကာရသုတ္တန် စလိုက်ကြပါဦးစို့ရဲ့။ မြတ်စွာဘုရားက "ဗဟုကာရာ ဘိက္ခဝေ ဗြာဟ္မဏ-



မာတိကာသို့

ဂဟပတိကာ တုမှာကံ” လို့ ဟောပါတယ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဗြာဟ္မဏဂဟပတိကာ၊ ဒကာ, ဒကာမ အပေါင်း သူတော်ကောင်းတို့သည်။ တုမှာကံ၊ သင် ရဟန်းတော်တို့အား။ ဗဟုပကာရာ၊ များစွာကျေးဇူး ရှိကြကုန်၏။ ဒီစကားကို ဘုရားရှင် မိန့်ကြားလို့သာဘဲ၊ ရဟန်းတစ်ပါးပါးက ပြောတာဆိုလျှင် ဒကာ, ဒကာမ တွေကို မြှောက်ပြောပြီး ဆွယ်တရား ဟောတယ်လို့ ထင်စရာ ကောင်းပါတယ်။ မြတ်စွာဘုရားက ဘာဖြစ်လို့ ‘ဗဟုပကာရ’ ကျေးဇူးရှင်ဆိုတဲ့ စကားလုံးနဲ့ ဟောရ ပါသလဲဆိုတော့ -

“ယေ ဝေါ ပစ္စုပဋ္ဌိတာ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေဟိ” လို့ ဆက်ဟောတော်မူပါတယ်။ “ယေ ဗြာဟ္မဏ-ဂဟပတိကာ၊ အကြင် ဒကာဒကာမအပေါင်း သူတော်ကောင်းတို့သည်။ ဝေါ၊ သင် ရဟန်းတော်တို့ အား။ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရေဟိ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ ရှေ့ရှုတည်လာ ထောက်ပံ့လာ လှူဒါန်းလာကုန်၏”။

ရဟန်းတော်များဟာ ဒကာ, ဒကာမတွေရဲ့ အထောက်အပံ့နှင့် ရပ်တည်နေရသူတွေပါ။ ကုန်သွယ် လယ်လုပ် စီးပွားရှာတဲ့အလုပ်တွေ လုပ်ခွင့် မရှိဘဲ ဗုဒ္ဓသာသနာဝင် ရဟန်းတော်တွေအနေနဲ့ ဒကာ, ဒကာမတွေကိုဘဲ အားကိုးနေရပါတယ်။ ဒါကြောင့် ဗဟုကာရ ကျေးဇူးရှင်တွေလို့ မြတ်စွာ ဘုရားက ဟောတော်မူတာပါ။ ဘုရားရှင် ကိုယ်တော် တိုင်လည်း ဘုရားမဖြစ်မီ အဇပါလညောင်ပင်ရင်းမှာ သီတင်းသုံးနေတော်မူစဉ် သုဇာတာရဲ့ ယနာနို့ဆွမ်းကို ဘုဉ်းပေးရလို့ ဗောဓိပင်ရင်းမှာ တရားအားထုတ်ပြီး ဘုရားဖြစ်တော်မူခဲ့တယ် မဟုတ်လား။ ဒါကြောင့် ဗဟုကာရ ကျေးဇူးရှင်တွေလို့ ဟောတာပါ။ ပထမဆုံး သုဇာတာရဲ့ဆွမ်းနဲ့ နောက်ဆုံး စုန္ဒရဲ့ဆွမ်းဟာ အကျိုး ကြီးတယ်လို့ မှတ်တမ်းတင်ထားကြတယ်။

မြတ်စွာဘုရားလက်ထက်တော်မှ ယနေ့ အထိ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များဟာ ဒကာ, ဒကာမတွေရဲ့ ပစ္စည်းလေးပါးအလှူကို ခံယူကာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စည်ပင်ပြန့်ပွား ထွန်းကားအောင် ဆောင်ရွက်နိုင်ကြပါတယ်။ ဒါကြောင့် -

**ဒကာ,ဒကာမများဟာ သံဃာတော်များရဲ့ ကျေးဇူးရှင်တွေပါ။**

ဒီနောက် မြတ်စွာဘုရား ဆက်ဟောပြန်ပါတယ်။ ဘယ်လိုဆက်ဟောသလဲဆိုတော့ -

“တုမ္ဟေပိ ဘိက္ခဝေ ဗဟုကာရာ ဗြာဟ္မဏ ဂဟပတိကာနံ”

ဘိက္ခဝေ၊ ရဟန်းတို့။ တုမ္ဟေပိ၊ သင်ရဟန်းတို့ သည်လည်း။ ဗြာဟ္မဏ ဂဟပတိကာနံ၊ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့အား။ ဗဟု-ပကာရာ၊ များစွာကျေးဇူးရှိကြကုန်၏။ အဓိပ္ပါယ်ကတော့ - ရဟန်းတို့ သင်ရဟန်းတို့ဟာလည်း ဒကာ, ဒကာမတွေရဲ့ ကျေးဇူးရှင်တွေပါပဲလို့ ဆိုလိုပါတယ်။ ဘာကြောင့် ဒီလိုဟောရသလဲဆိုတော့ -

**“ယံ ပနေသံ ဓမ္မံ ဒေသတိ= သင် ရဟန်းတော်များက ဒကာ,ဒကာမတွေကို တရားဟော လို့ပါ”** တဲ့။ ဘယ်လိုတရားတွေ ဟောသလဲဆိုတော့



မာတိကာသို့

အာဒိကလျာဏံ၊ အစ၌ကောင်းခြင်းရှိတဲ့။ မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းခြင်းရှိတဲ့။ ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းခြင်းရှိတဲ့။ သာတ္ထံ၊ အနက်အဓိပ္ပါယ်နဲ့ပြည့်စုံတဲ့။ သဗျဉ္ဇနံ၊ သဒ္ဒါနဲ့ ပြည့်စုံတဲ့။ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံတဲ့။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောကြား၏။ ပရိသုဒ္ဓံ၊ စင်ကြယ်တဲ့။ ဗြဟ္မစရိယံ၊ မြတ်တဲ့အကျင့်ကို။ ပကာသေတိ၊ ပြ၏တဲ့။

တို့ ဒကာ, ဒကာမတွေ မိုးလင်းက မိုးချုပ် အလုပ်နဲ့ လက်နဲ့မပြတ် လုပ်နေကြရတာ မြတ်စွာဘုရားရဲ့ တရားတွေကို မသင်ယူနိုင်ကြဘူး။ မြတ်စွာဘုရား တရားတော်တွေ ရေးသားထားတဲ့ စာအုပ်တွေ ဖတ်နိုင်ကြဖို့ အချိန်က နည်းလှတယ်။ နိုင်ငံခြား တိုင်းပြည်တွေမှာ အလုပ်လုပ်ရတာကို ကြည့်ပြီး သိပ်ပြီး စိတ်ပင်ပန်းလှပါတယ်။ ရပ်ပြီး အလုပ်လုပ်ရတဲ့သူတွေ စားချိန်ကလွဲပြီး တစ်နေကုန် ရပ်ပြီး လုပ်ကြရသတဲ့။ ထိုင်ပြီး အလုပ်လုပ်ရတဲ့သူကလည်း တစ်နေကုန် ထိုင်ပြီး လုပ်ရသတဲ့။ ပင်ပန်းလိုက်တာ၊ တို့ဆီနဲ့တော့ ကွာပဲ့။ အဲဒီတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို သင်ယူထားတဲ့ ရဟန်းသံဃာတွေမှာ တာဝန်ရှိလာတယ်။ ဒကာ, ဒကာမတွေ နားလည်အောင် သင်ပေးရမယ်။ ဟောပေးရမယ်။ အဲဒီလို သင်ပေးနိုင်အောင် ဟောပေးနိုင်အောင် ရဟန်းသံဃာဟာ ပရိယတ္တိဆိုတဲ့ စာပေ သင်ယူခဲ့ကြရတယ်။ ရဟန်းသံဃာတွေက ဒကာ, ဒကာမများကို မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေ သင်ကြားပို့ချပေးတယ်။ ဟောကြားပြသပေးတယ်။ အဲဒီတော့ တို့ ဒကာ, ဒကာမတွေ အသိဉာဏ်တွေ ရလာတယ်။ ဒါကတော့ အကုသိုလ်တရား၊ ဒါကတော့ ကုသိုလ်တရား၊ ဒါကတော့ အပါယ်သွားတဲ့လမ်း၊ ဒါကတော့ နတ်ပြည်နတ်ရွာသွားတဲ့လမ်း၊ ဒါကတော့ မဂ်လမ်း၊ ဒါကတော့ ဖိုလ်လမ်း၊ ဒါကတော့ နိဗ္ဗာန်လမ်းလို့ သိလာရတယ်။ မြတ်စွာဘုရားကို ကိုးကွယ်တယ်ဆိုတာ ဒါကြောင့်ပါပဲ။ လင်္ကာရေးစပ်ထားတယ်၊ လင်္ကာကို ဆိုကြည့်စမ်းပါ။

**အပါယ်သွားလမ်း၊ နတ်ရွာလမ်းနှင့်၊**
**မဂ်လမ်း ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်ဖို့၊**
**သွန်သင်ပြသ၊ ဆုံးမတတ်ပေ၊**
**ကျေးဇူးတွေကြောင့်၊ မသွေနိစ္စ၊**
**ဆည်းကပ်ကြသည်**
**"ဗုဒ္ဓမြတ်စွာ မြတ်စွာဘုရား"**။

အဲဒီလို ဒကာ,ဒကာမတွေကို မသိတာ သိအောင်၊ မတတ်တာ တတ်အောင်၊ ရဟန်းသံဃာတော်များ တရားဟောပြ သင်ကြားပို့ချတဲ့အတွက် ရဟန်းသံဃာတော်များဟာ ဒကာ,ဒကာမတွေရဲ့ ကျေးဇူးရှင်တွေပါ။

တုမှေဟိ ဘိက္ခဝေ ဗဟုပကာရာ ဗြာဟ္မဏ ဂဟပတိကာန်-လို့ ဟောတော်မူတာပေါ့။

**ရဟန်းသံဃာတော်များဟာလည်း ဒကာ, ဒကာမများရဲ့ ကျေးဇူးရှင်တွေပါ။**

ဆရာနဲ့ ဒကာ အပြန်ပြန်အလှန်လှန် အချင်းချင်း ကျေးဇူးရှင်တွေ ဖြစ်ကြပြီ။ အဲဒီလို ဖြစ်နေတော့ ဘာအကျိုးရသလဲဆိုတော့ မြတ်စွာဘုရားက ဆက်ဟောတော်မူပါတယ်။ ဘယ်လိုလဲဆိုတော့ -


မာတိကာသို့

**ဧဝမိဒံ အညမညံ နိဿာယ ဗြဟ္မစရိယံ ဝုဿတိ သမ္မာဒုက္ခဿ အန္တကိရိယာယာတိ**-လို့ ဟောတော်မူပါတယ်။

ဧဝံ၊ ဤသို့၊ အညမညံ၊ ဆရာဒကာအချင်းချင်း အပြန်အလှန်၊ နိဿာယ၊ မှီ၍၊ ဝါ- ဆရာကလည်း ဒကာကိုမှီ၊ ဒကာကလည်း ဆရာကိုမှီရတဲ့အတွက်၊ ဗြဟ္မစရိယံ၊ ဤမြတ်သောအကျင့်ကို၊ ဝုဿတိ၊ ကျင့်သုံးရ၏-တဲ့။

အဲဒီလို ကျင့်သုံးရတော့ ဘာအကျိုးရှိသလဲ ဆိုတော့- သမ္မာ၊ ကောင်းစွာ၊ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏ မှန်သမျှ၏၊ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ၊ ဝုဿတိ၊ ကျင့်သုံးရ၏-တဲ့။

ဆရာဒကာ ညီညီညွတ်ညွတ် တက်ညီလက်ညီ မြတ်တဲ့အကျင့်တွေကို ကျင့်ရတော့ ဆရာရော ဒကာရော ဝဋ်ဆင်းရဲလွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆရာဒကာ ညီညွတ်ကြတော့ ဗုဒ္ဓသာသနာ ထွန်းကားလျက် ရှိပါတယ်။ နိုင်ငံခြားမှာလည်း ဆရာဒကာ ညီညွတ်ဖို့ လိုပါတယ်။ နိုင်ငံခြားရောက် သာသနာပြုရဟန်းတော်များဟာ မတူညီသောရာသီဥတု၊ မတူညီသော အစားအသောက်တွေကို အတော်သည်းခံပြီး သာသနာပြုရတာ ဘုန်းကြီးကိုယ်တွေ့ပါပဲ။ အဲဒီဗဟုကာရသုတ္တန်ရဲ့ အကျဉ်းအဓိပ္ပါယ်ကို လင်္ကာရေးစပ်ထားပါတယ်။

**ပစ္စည်းလေးပါး၊ လှူပြားဒကာ၊**
**ရဟန်းတော်များ၊ ကျင့်ပွားဓမ္မာ၊**
**နှစ်ဦးနှစ်ဝ၊ အညမညာ၊**
**ကြောင်းကျိုးဆက် မပျက်သာသနာ။**

ဆရာဒကာ ညီညွတ်လို့ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားတာနဲ့ပတ်သက်ပြီး သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ဗုဒ္ဓသာသနာပြုဒုဋ္ဌဂါမဏိမင်းကို သွားသတိရပါတယ်။ တစ်ခါက သီဟိုဠ်ကျွန်းမှာ ဧဠာရကုလားတွေ အုပ်စိုးတယ်။ ဗုဒ္ဓသာသနာလည်း ညှိုးနွမ်းတယ်။ ဗုဒ္ဓဘာသာဆိုလျှင် 'မဟာဂါမ' ဆိုတဲ့ ရွာကြီးတစ်ရွာလောက်ဘဲ ကျန်တော့တယ်။ အဲဒီအချိန်မှာ ဒုဋ္ဌဂါမဏိရယ်လို့ မဟာဂါမမှာ ပေါ်လာတယ်။ သူက သူ့ရဲ့သူရဲကောင်းကြီးတွေနဲ့ ဧဠာရ ကျေးကုလားတွေကို တိုက်တယ်။ တိုက်တဲ့အခါ သူ့ရဲ့ သူရဲကောင်းစစ်သားတွေနဲ့ ကျေးကုလားစစ်သားတွေနဲ့ ရောရောပြီး မှားမှားနေတဲ့အတွက် အခက်တွေ့ရတယ်။ ဒီတော့ သူက သစ္စာဆိုပါတယ်။ "ငါသည် မင်းစည်းစိမ်ကို လိုချင်တပ်မက်လို့ စစ်တိုက်သည် မဟုတ်၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန် စစ်တိုက်ပါတယ်။ ဤမှန်သောသစ္စာစကားကြောင့် မိမိစစ်သားတွေရဲ့ ချပ်မိန်းညို (အဝတ်တန်ဆာ-ယူနီဖောင်း)မှ အရောင်အဝါ ထွက်ပါစေသတည်း"ဟု သစ္စာပြုလိုက်ပါတယ်။ သစ္စာရဲ့တန်ခိုးကြောင့် သူ့လူကိုယ့်လူ ကွဲပြားသွားပါသတဲ့။ သစ္စာဆိုပြီး စစ်တိုက်ထွက်ခဲ့တဲ့ ဒုဋ္ဌဂါမဏိမင်းကြီးဟာ စစ်အောင်ပြီး ဗုဒ္ဓသာသနာ သီဟိုဠ်မှာ ပြန်လည် ထွန်းကားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီတုန်းက သီဟိုဠ်ကျွန်းမှာ ဗုဒ္ဓသာသနာ အဆက်ပြတ်သွားလျှင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်လာဖို့ မလွယ်ပါဘူး။ ဒုဋ္ဌဂါမဏိမင်းကြီးကို ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ဒုဋ္ဌဂါမဏိမင်းကြီးဟာ သာသနာတော်ကို အလွန်ကြည်ညိုသူ ဖြစ်ပါတယ်။

မာတိကာသို့

ပွဲတော်တည်တဲ့အခါ သံဃာကိုလှူပြီးမှ ပွဲတော်တည်ပါတယ်။ ကျေးကုလားတွေနဲ့ စစ်တိုက်ခိုက်နေစဉ်အတွင်း တစ်ခါက ပွဲတော်တည်ရာမှာ ငရုပ်သီးတစ်တောင့် သံဃာကို မကပ်မိဘဲ ပွဲတော်တည်မိတာကို နောက်မှ သတိရသတဲ့။ စစ်ပွဲ အောင်မြင်ပြီးတဲ့အခါ သံဃာကို မကပ်မိဘဲ မေ့ပြီး စားမိတဲ့ ငရုပ်သီးတောင့်အစား ကျောင်းဆောက်လုပ်လှူဒါန်းပါတယ်။ အဲဒီကျောင်းကိုလည်း ငရုပ်သီးတောင့်ကျောင်းလို့ အမည်ပေးပါသတဲ့။ ဒါတင်မကသေးဘူး၊ စစ်တိုက်ထွက်တဲ့အခါ သံဃာတွေကို ပင့်သွားလေ့ ရှိသတဲ့။ သံဃာတွေ စစ်တိုက်ဖို့ မဟုတ်ပါဘူး၊ စစ်အတွင်းမှာ ဆွမ်းကပ်ဖို့ ပါဘဲ။

အဲဒီလို ဆရာဒကာလက်တွဲခဲ့လို့ သီဟိုဠ်မှာ သာသနာပြန်လည်ထွန်းကားလာခဲ့တယ်။ မြန်မာနိုင်ငံသို့ သီဟိုဠ်မှတဆင့် ဝင်ရောက်လာပါတယ်။ ဆရာဒကာ ညီညွတ်ဖို့ အကြောင်းပြောချင်တာပါ။ အဲဒီအကြောင်းကို ခံစားမိပြီး အောက်ပါလင်္ကာလေးကို ရေးသားမိပါတယ်။

**သာသနာ့အရေး တို့အရေးပေ၊**
**ဆရာရော ဒကာရော၊ မလျှော့သော စိတ်တွေ၊**
**ဘယ်ရန်စွယ်မျိုး၊ ထိုးဖောက်လာစေ၊**
**တို့မမှု၊ ပေါင်းစု ကာကွယ်မလေ။**
**သာသနာ့အရေး တို့အရေးပေ. . . ။**

ဒီလင်္ကာကို လွန်ခဲ့တဲ့ အနှစ် ၂၀-ကျော် မန္တလေးမြို့၊ ရှင်ပင်ပက်လက် ရေစက်လက် ပဋ္ဌာန်းအောင်ပွဲမှာ ရေးသားဟောကြားခဲ့ပါတယ်။ မနေ့တနေ့ကမှ ရေးတာ မဟုတ်ပါဘူး။

ဗဟုကာရသုတ္တန်ကို ကိုးကားပြီး ဆရာဒကာ ညီညွတ်ဖို့အကြောင်း၊ ညီညွတ်လို့ ရတဲ့အကျိုးတွေလည်း ဟောခဲ့ပြီးပါပြီ။ နိုင်ငံခြားရောက် ဆရာ,ဒကာတွေ၊ မြန်မာပြည်တွင်း ဆရာ,ဒကာတွေလို ညီညီညွတ်ညွတ်နဲ့ သာသနာအရေးကို 'တို့အရေး'လို့ သဘောထားပြီး ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းပြီး ဒေသနာနိဂုံး အဆုံးသတ်လိုက်ရပါတယ်။ သာဓု ခေါ်လိုက်ကြပါ။

သာဓု သာဓု သာဓု

မစိုးရိမ်ဆရာတော်ကြီး

ကွဲပြားခြင်းဘေး၊ ရှုမြင်တွေးလျက်
မကွဲမပြားညီညွတ်ငြားက
အောင်ကြောင်းခေမာချမ်းသာရာဟု
မြတ်စွာဗုဒ္ဓဆိုဆုံးမ၏။

## မစိုးရိမ်ဆရာတော်နှင့် ပြည်ပသာသနာ

အရှင်ပညာ (မစိုးရိမ်သာသနဇောတိက)

မြတ်ဗုဒ္ဓသာသနာတော်နှစ် ၂၅၄၆-နှစ် ရောက်ရှိလာသောအခါ အမေရိကန်နိုင်ငံ နယူးယောက်မြို့၊ ဘရုတ်ကလင်း၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ထင်ရှားပေါ် ပေါက်လာခဲ့ပါသည်။ ကျောင်းတော်ကြီးကို အာရာမ သမုဋ္ဌာပကအဖြစ်ဖြင့် တည်ထောင်တော်မူခဲ့သော ဆရာတော်မှာ ပြည်ပ၌ မစိုးရိမ်ဆရာတော်ဟု ကျော်ကြားထင်ရှားသည့် ဘဒ္ဒန္တကောဝိဒါဘိဝံသ မဟာထေရ်မြတ်ကြီးပင် ဖြစ်ပါသည်။

မစိုးရိမ်ကျောင်းတိုက်ကြီး၌သီတင်းသုံးနေထိုင်သောကြောင့် မစိုးရိမ်ဆရာတော်ဟု အမည်တွင်ခဲ့သည်။ ပြည်တွင်း၌ မစိုးရိမ်ဆရာတော်ဟုဆိုလျှင် မြန်မာနိုင်ငံ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီးကို ကနဦးစတင် တည်ထောင်တော်မူသွားသော ဘဒ္ဒန္တသူရိယာဘိဝံသ(အဂ္ဂါဘိဓဇ) ဆရာတော်နှင့် မဟာနာယကဆရာတော်ကြီးများကို မစိုးရိမ်ဆရာတော်ဟု ခေါ်ကြသည်။ ပြည်ပ၌ မစိုးရိမ်ဆရာတော်ဟုဆိုလျှင် မစိုးရိမ်သီလက္ခန်အဖြေစသော ကျမ်းစာအုပ်များကို ရေးသားခဲ့သော ဘဒ္ဒန္တကောဝိဒါဘိဝံသ မဟာထေရ်မြတ်ကြီးကို မစိုးရိမ်ဆရာတော်ဟု ခေါ်ကြသည်။ ယခု ရေးသားသည့် မစိုးရိမ်ဆရာတော်ဆိုသည်မှာလည်း ဤဆရာတော်ကြီးပင်ဖြစ်ပါသည်။

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌ နာယက၊ မဟာနာယကအဖြစ်ဖြင့် နှစ်ပေါင်း (၄၀)ကျော် သီတင်းသုံးနေထိုင်လျက် အဆင်မြင့် စာဝါများ ပို့ချပေးရင်း ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများကို ရေးသားခဲ့သောကြောင့် မစိုးရိမ်နာယက ကျမ်းပြုစာချဆရာတော်ဟု ထင်ရှားတော်မူပါသည်။ တပည့် ဒကာ၊ ဒကာမတို့အား တရားဓမ္မများ ဟောကြားခဲ့သောကြောင့် ဓမ္မကထိက ဆရာတော်ဟုလည်း ထင်ရှားတော်မူပါသည်။

ဆရာတော်သည် "စာချရင်းရေး ရေးရင်းစာချ"ဟု မိန့်ဆိုသည့်အတိုင်း စာဝါချရင်း ပိဋကသုံးပုံ နိကာယ်ငါးရပ် ပါဠိရှိသမျှ အဋ္ဌကထာဋီကာတို့ပါ မကျန် ထုံးလိုမွှေ ရေလိုနှောက်လျှက် မြတ်ဗုဒ္ဓ၏ သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်နေကြသောစာချစာသင် ထေရ်အရှင်တို့အတွက် ဝိနည်းပိဋကအဖွင့်ဖြစ်သည့် မစိုးရိမ်ပါရာဇိကဏ်အဖြေ (၃) အုပ်၊ သုတ္တန်ပိဋကအဖွင့်ဖြစ်သည့် မစိုးရိမ်သီလက္ခန်အဖြေ(၁)အုပ်၊ အဘိဓမ္မာပိဋကအဖွင့်ဖြစ်သည့် မစိုးရိမ်အဋ္ဌသာလိနီအဖြေ (၁)အုပ်တို့ကို ပရိယတ္တိနယ်ပယ်၌ နေလအသွင် ထင်ရှားတော်မူသော ဆရာတော်တို့၏မျက်မှောက်၌ ပြည့်ပြည့်စုံစုံ စီစဉ်ကျနစွာ ရေးသားတင်ပြထားတော်မူခဲ့သည်။

ဆရာတော် ရေးသားပြုစုခဲ့သည့် မစိုးရိမ်သီလက္ခန်အဖြေစသော ကျမ်းစာအုပ်များသည် ဓမ္မာစရိယစာမေးပွဲများဖြေဆိုမည့် သူတို့အတွက် ဖြစ်သည့်အပြင် စီရင်ရေးသားသော ဆရာတော်နှင့် သီတင်းသုံးနေထိုင်ရာ မစိုးရိမ်ကျောင်းတိုက်ကြီး အတွက်လည်း ကြီးမားသည့် သမိုင်းမှတ်တိုင်ကြီး တစ်ခုလည်း ဖြစ်ပါသည်။ ထိုကဲ့သို့ ဆရာတော်သည် သာသနာတော်အတွက် စာဝါတွေချ ကျမ်းစာတွေ ရေးသားခြင်းကိုသာ တစိုက်မတ်မတ် နှစ်ပေါင်းများစွာ ပြုလုပ်ဆောင်ရွက်နေသောကြောင့် မြန်မာနိုင်ငံသံဃာထုကြီး၏ လေးစားခြင်းကိုလည်း ခံခဲ့ရပါသည်။ ယခုအခါ ဓမ္မာစရိယကျမ်းပြု စာချနေသူ



မာတိကာသို့

အများစုတို့သည် ဆရာတော်၏ကျမ်းစာအုပ်များကို အားကိုး အားထားပြု၍ စာဝါတွေချပြီး ကျမ်းစာတွေ ရေးသား နေကြသည်ကို တွေ့ရပေသည်။ ပြည်တွင်း ပြည်ပ ရောက်လေရာ ဒေသတို့၌လည်း ဆရာတော် ထံ စာဝါလိုက်ဖူးသည့် တပည့်များစွာပင် တွေ့ရှိခဲ့ရ သဖြင့် စာလိုက်တပည့် အများဆုံးရှိသော ဆရာ တော်ဟုလည်း အသိမှတ်ပြုခြင်း ခံခဲ့ရပါသည်။

ဆရာတော်သည် သက်တော်(၇၅)နှစ် စိန်ရတု အရွယ်သို့ရောက်သောအခါ ပြည်ပရောက် တပည့် သံဃာ ဒကာ၊ ဒကာမများ ပင့်ဖိတ်သဖြင့် စင်္ကာပူ၊ မလေးရှား၊ ဂျပန်၊အင်္ဂလန်၊အမေရိကန် စသောနိုင်ငံများသို့ ကြွရောက်ပြီး ဗုဒ္ဓတရားတော် များ ဟောကြားတော်မူခဲ့သည်။ သာသနာတော်နှင့် သက်ဆိုင်သော ဘုရားထီးတင်ပွဲ၊ သိမ်သမုတ်ပွဲ၊ ကျောင်းရေစက်ချပွဲ စသောကိစ္စများကိုလည်း အမျိုး ဘာသာသာသနာအတွက် ဦးစီးခေါင်းဆောင်ပြု လျှက် ဆောင်ရွက်တော်မူခဲ့သည်၊ စာချဆရာတော် ပီပီ ပြည်ပရောက် တပည့်ဒကာဒကာမတို့အား ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာစသော ဘာသာရေး စာပေ များကိုလည်း ကာလဒေသအလိုက် သင်ကြားပေး ခဲ့သည်။ ပဋ္ဌာန်းဝတ်အသင်းများကိုလည်း ဖွဲ့စည်း ပေးခဲ့ပါသည်။ ဆရာတော်၏ သာသနာတော် အတွက် ခံယူချက်ကိုလည်း လွန်ခဲ့သောနှစ် နှစ်ဆယ် ကျော်က ဆရာတော် ကိုယ်တိုင်ရေးသားခဲ့သည့် အောက်ပါ လင်္ကာလေးဖြင့်သိနိုင်ပါသည်။

သာသနာရေး ဒို့အရေးပေ၊
ဆရာရောဒကာရော မလျှော့သောစိတ်တွေ၊
ဘယ်ရန်စွယ်မျိုး ထိုးဖောက်လာစေ၊
ဒို့မမှု ပေါင်းစုကာကွယ်မလေ။
သာသနာရေး ဒို့အရေးပေ။

ဆရာတော်သည် ပြည်ပနိုင်ငံများတွင် အမေရိကန်နိုင်ငံ၌ အများဆုံး သီတင်းသုံးနေထိုင် လျှက် မြတ်ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွား စေရန် ပိဋကသုံးပုံ နိကာယ်ငါးရပ်တို့မှထုတ်နုတ်၍ ဓမ္မဒေသနာမိုး ရွာသွန်းဖြိုးခဲ့ပါသည်။ ဆရာတော်၏ ဓမ္မဒေသနာမိုးကြောင့် တရားနာသူတော်စင်တို့ သန္တာန်ရှိ သဒ္ဓါမျိုးစေ့တို့သည် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုကာ ဒါန၊ သီလ၊ ဘာဝနာသီးပွင့်များ ပွင့်ဖူး ဝေဆာလာကြပြီး ဆရာတော်ကြီးအား အမေရိကန် နိုင်ငံ၊ နယူးယောက်မြို့၊ ဘရုတ်ကလင်းရှိ ဓမ္မမိတ် ဆွေများအသင်းမှ မတည်၍ တပည့် ဒကာ၊ ဒကာမ များ စုပေါင်းပြီး အလျားပေ (၇၅)ပေ၊ အနံပေ (၃၀) (အဆောက်အဦးပါ) မြေကွက်ကို ဝယ်ယူပြီး ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးကျောင်းအဖြစ် လှူဒါန်းကြ ပါသည်။ ဆရာတော်သည် ဘာသာရေး၊ အမျိုးသား ရေးကိုရှုမျှော်၍ ကျောင်းတော်ကြီးကို အလှူခံယူခဲ့ပါ သည်။ ကျောင်းတိုက်အမည်ကိုလည်း ဗုဒ္ဓဘာသာ ဝင် သူတော်စင်တို့ သာသနာတော်အတွက် မစိုးရိမ် ရအောင် ထွန်းပြပေးမည့် **"မစိုးရိမ်သာသန ဇောတိကကျောင်း"** တနည်းအားဖြင့် မိမိသီတင်း သုံးရာ မစိုးရိမ်ကျောင်းတိုက်ကြီး၏ သာသနာကို ထွန်းပြပေးမည့် **"မစိုးရိမ်သာသနဇောတိက ကျောင်း"**ဟု အမည်သတ်မှတ် ကမ္ပည်းတပ်ခဲ့ပါ သည်။

ဓမ္မမိတ်ဆွေများအသင်းသည် "စိတ်ရှည် ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ" ဟူသော အဆုံးမ ဩဝါဒကို နာခံမှတ်သားလျှက် အမေရိကန် နိုင်ငံ၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တစ် ကျောင်း ဖြစ်ပေါ်ရန် ကြိုးစားနေကြရာ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ကြီးနှင့်တွေ့သည့်အခါ အဆင် ပြေစွာနှင့်ပင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အောင်မြင်စွာ ဖြစ်ပေါ်လာခဲ့ပါသည်။ အကျိုးတရား


မာတိကာသို့

တို့မည်သည် အကြောင်းတရားလျှင် အစရှိ၍ ဟူသော **'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဒေသနာတော် အရ** ဆရာတော်ကြီးနှင့် ဓမ္မမိတ်ဆွေများအသင်း သည် မူလအရင်း အကြောင်းများလည်း ရှိကြမည် ဖြစ်ပါသည်။

ပြည်ပမှာ ပြုနိုင်ခဲ့သော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းဖြစ်ပေါ်လာအောင် တပည့်ဒကာ၊ ဒကာမအများ စုပေါင်းကြိုးစားအားထုတ်၍ လှူဒါန်းကြသော်လည်း ကျောင်းတော်ကြီးကိုခံယူမည့် ဆရာတော်ကြီးမှာ တာဝန်အလွန်ကြီးပါသည်။ ဆရာတော်သည် ပြည်ပသာသနာ၏အနာဂတ်ကို ရှုမျှော်သုံးသပ်လျှက် ကျောင်းတိုက်ကြီးကို စောင့်ရှောက်ရန် အတွက် ပြည်တွင်း၊ပြည်ပရှိ တပည့်သံဃာများ ရောက်ရှိနေထိုင်ဖို့အရေး ကြိုးစားရပြန်ပါသည်။ ပြည်ပသာသနာပြုလုပ်ငန်း တိုးတက် အောင်မြင်စေရန် ရည်သန်တော်မူ၍ မစိုးရိမ်သာသနဇောတိက သာသနာပြုအဖွဲ့ကိုလည်း ကိုယ်တိုင် ကြပ်မတ် ဖွဲ့စည်းပေးလျှက် ထောက်ပံ့စောင့်ရှောက်စေခဲ့ပါသည်။

ယခုအခါ မစိုးရိမ်သာသနဇောတိကကျောင်း၌ ဆရာတော်ကြီး၏ တပည့်သံဃာတော်များ အမြဲသီတင်းသုံးနေထိုင်လျှက် သာသနာ့တာဝန်များကို ထမ်းဆောင်နေကြပါသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့လည်း ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုများ ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းမြေ့စွာ ဆည်းပူး အားထုတ် ပြုလုပ်နေကြပါသည်။ ယခုကဲ့သို့ ဆရာ ဒကာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပမာ အချင်းချင်း အပြန်အလှန် အမှီပြုကာ ညီညာလက်တွဲ၍ သာသနာပြုနေကြခြင်းသည် မြတ်ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွား တည်တံ့အောင် ပြုလုပ်နေခြင်း ဖြစ်ပါသည်။ အမျိုးဘာသာသာသနာ မကွယ်ပျောက်အောင် ကာကွယ်စောင့်ရှောက်နေခြင်းလည်း ဖြစ်ပါသည်။ မိမိတို့ ဘဝသံသရာဝဋ် ဒုက္ခမှ လွန်မြောက်ကြောင်း ပါရမီကောင်းမှုမျိုးလည်း ဖြစ်ပါသည်။ ကျေးဇူးရှင် ဆရာတော်ကြီး၏ ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်နေခြင်းလည်း ဖြစ်ပါသည်။ ပြည်ပ၌ တည်ထောင်ဖွင့်လှစ် မစိုးရိမ် သာသနဇောတိကကျောင်းတော်သစ်သည် ဆရာတော်နှင့် မစိုးရိမ်ကျောင်းတိုက်ကြီးတို့၏ သမိုင်း၌ ထူးခြားကြီးမားသည့် မှတ်တိုင်သစ်ကြီးတစ်ခု ဖြစ်ပါသည်။ ဤသမိုင်းမှတ်တိုင်သစ်ကြီးသည် ငါးထောင် သာသနာ မြင့်ရှည်ကြာအောင် ယိမ်းယိုင်မနေ ထွန်းပြောင် တည်ရှိပါစေသတည်း။

ဤသို့ အတ္တဟိတမဖက် ပရဟိတ သက်သက်ဖြင့်သာ ဆောင်ရွက်တော်မူခဲ့သော ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်တို့ကို အစဉ်အောက်မေ့လျှက် **'မစိုးရိမ်ဆရာတော်နှင့် ပြည်ပ သာသနာ'**ဟူသောစာတမ်းဖြင့် ရေးသား ပူဇော်တင်ပြလိုက်ပါသည်။ ။

အရှင်ပညာ (မစိုးရိမ်သာသနဇောတိက)



မာတိကာသို့

# ဗုဒ္ဓပွင့်တော်မူရာ လုမ္ဗိနီ

အရှင်ဝိစက္ခဏ (သာသနာ့တက္ကသိုလ်-မန်း)

သန္ဓေယူကာ ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊
မဟီလှိုက်ဆူ၊ ဖွားတော်မူသည်. .
နတ်လူအောင်မြို့ လမ်းပါကို. . ။

## ဘုရားအလောင်းတော် ပဋိသန္ဓေစွဲတည် နေတော်မူခြင်း

ရှင်တော်ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း တိုင်တိုင် ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ကျင့်တော်မူပြီး တုသိတာနတ်ပြည်၌ အလောင်းတော်သေတကေတု အမည်ရှိသော နတ်သားအဖြစ်ဖြင့် ကြီးစွာသော နတ်စည်းစိမ်ချမ်းသာကို စံစားခံစားတော်မူခဲ့ပါသည်။ အသက်တမ်းပြည့်နေတော်မူပြီး နတ်ပြဟ္မာ အပေါင်း၏ တောင်းပန်ချက်ကြောင့် နတ်သက်စုတေတော်မူ၍ သကျသာကီဝင်မင်းမျိုး ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး သိရိမဟာမာယာဒေဝီ၏ ဝမ်းကြာသိုက်တွင် ပဋိသန္ဓေစွဲတည် နေတော်မူခဲ့ပါသည်။

ပဋိသန္ဓေစွဲတည်တော်မူပြီး ဆယ်လကြာရင့်မာခြင်းသို့ ရောက်သောအခါမိမိ၏ ဇာတိမွေးရပ်မြေ ဆွေမျိုးတို့ဌာနေ ဒေဝဒဟပြည်သို့ သွားရောက်လိုသော ဆန္ဒလှုံ့ဆော်ဖြစ်ပေါ်လာရာ သုဒ္ဓေါဒနမင်းကြီးထံသို့ လျှောက်ထားပန်ကြားပြီး ခြွေရံသင်းပင်း ကိုယ်ရံတော် အဆောင်အယောင်များစွာတို့ဖြင့် ဒေဝဒဟပြည်သို့ကြွချီတော်မူပါသည်။

## လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်၌ ဘုရားအလောင်းတော် ဖွားတော်မူခြင်း

ကပိလဝတ်နေပြည်တော်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင်တို့အကြား ခရီးလမ်းတွင် လုမ္ဗိနီမည်သော သာယာလှပသည့် အင်ကြင်းတော တည်ရှိပါသည်။ 'လုမ္ဗိနီ'ဟု အမည်တွင်ရခြင်းမှာ ဒေဝဒဟပြည့်ရှင် မင်းကြီး၏ မိဖုရားကြီး လုမ္ဗိနီအတွက် သာယာ လှပသောဥယျာဉ်ကို ပျိုးထောင်ပေးရန် ဘုရင်ကြီးအား လျှောက်ထားသဖြင့် ဘုရင်ကြီးက မိဖုရားကြီးအတွက် ဥယျာဉ်ကို ပျိုးထောင် ပေးခဲ့ရာ ထိုမိဖုရားကြီး၏အမည်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ ၎င်းမိဖုရားကြီးမှာ မယ်တော်သိရိမဟာမာယာဒေဝီ၏ မိခင် ဖြစ်ပါသည်။

မယ်တော်သိရိမဟာမာယာဒေဝီ မိဖုရားကြီး လုမ္ဗိနီဥယျာဉ်သို့ ဆိုက်ရောက်တော်မူသောအခါ အင်ကြင်းပင်များသည် ပင်ရင်းပင်ခြေမှ အခက်အဖျားထိတိုင်အောင် ပင်လုံးကျွတ် အပင်တိုင်း ပွင့်လျှက်ရှိပြီး၊ အင်ကြင်းပင်များ၏ အပွင့်အခက်များကြား ပျားပိတုန်းများနှင့်အမျိုးမျိုးသော ငှက်အပေါင်းတို့သည် သာယာနာပျော်ဖွယ် အသံတို့ဖြင့် ဝဲပျံကွန့်မြူး တွန်ကျူးလျှက်ရှိသည်ဟု ဆိုပါသည်။

အဆိုပါအချိန်တွင် သိရိမဟာမာယာဒေဝီ မိဖုရားကြီးသည် အင်ကြင်းဥယျာဉ်တွင်းသို့ သက်ဝင်


မာတိကာသို့

ပျော်ပါးကစား ရွှင်မြူးလိုသောဆန္ဒ ထင်ရှားစွာဖြစ်ပေါ်လာသဖြင့် မင်္ဂလာအင်ကြင်းဥယျာဉ် အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြောင့်မတ်လုံးဝန်းသော ပင်စည်ရှိ၍ ပန်းအတိတန်ဆာ ဆင်အပ်သော အင်ကြင်းပင်၏အခက်ကို လက်ဖြင့် လှမ်းယူလိုလာပါတော့သည်။

ထိုအင်ကြင်းခက်သည်လည်း အသက်ရှိသူအလား လူအများ၏ စိတ်နှလုံးကို ချောက်ချားနှောက်မွှေ အံ့သြစေလျှက် အလိုအလျှောက်အောက်သို့ တွဲလျားညွတ်ကိုင်းကာ သိရီမဟာမာယာဒေဝီ မိဖုရားကြီး၏ လက်ဝါးအပြင်သို့ အဆင်သင့်ကပ်ရောက်လာလေရာ မယ်တော်မိဖုရားကြီးသည် အင်ကြင်းခက်ကို လက်ယာလက်ဖြင့် ဆွဲကိုင်ရပ်တည်သောခဏ၌ ဘုရားအလောင်းတော်ကို ဖွားမြင်ကြောင်း ကမ္မဇလေ တုန်လှုပ်လာခဲ့ပါသည်။ ထိုအခါ ကိုယ်လုပ်မောင်းမ မှူးမတ်အစရှိသော လူအပေါင်းတို့သည် သိရီမဟာမာယာဒေဝီအတွက် တင်းတိမ် ကန့်လန့်ကာတို့ဖြင့် ပတ်ကာဝန်းရံပြီးလျှင် ထိုအပါးမှ ဖယ်ရှားဆုတ်ခွာကြကုန်လေသည်။

မဟာမာယာဒေဝီမိဖုရားကြီးသည် မင်္ဂလာအင်ကြင်းခက်ကို ယာလက်တော်ဖြင့် ကိုင်ဆွဲလျှက် တင့်တယ်စွာရပ်နေတော်မူစဉ် ခဏ၌ပင် မဟာသမုဒ္ဒရာနှင့် တကွသော စကြာဝဠာသိုက်တသောင်းလုံး ထစ်ချုန်းမြည်ဟိန်းလျှက် အိုးထိန်းစက်ပမာ သိမ့်သိမ့်ခါတုန်လှုပ်ခြင်း၊ နတ်ဗြဟ္မာအပေါင်းတို့ ကောင်းချီးပေးခြင်းနတ်ပန်းမိုးရွာသွန်းဖြိုးခြင်း၊ နတ်လူတို့၏ တူရိယာအပေါင်းတို့ အလိုအလျောက် သာယာစွာမြည်ခြင်း၊ ဖီလာအောက်ထက် စကြာဝဠာအတွင်း ဟင်းလင်းပွင့်လင်းခြင်းအစရှိသော သုံးဆယ့်နှစ်ပါး ထူးခြားအံ့ဖွယ်သရဲ လွန်ကဲကြီးမြတ်လှစွာသော နိမိတ်ကြီးတို့ဖြစ်စေပြီး မဟာသက္ကရာဇ် ခြောက်ဆယ်ရှစ်ခုနှစ် ကဆုန်လပြည့်သောကြာနေ့ ဝိသာခါနက္ခတ်နှင့် စန်းလနတ်ယှဉ်လျှက် ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ရှင်တော်ဂေါတမမြတ်စွာဘုရားလောင်းတော်သည် လုမ္ဗိနီမည်သော မင်္ဂလာဥယျာဉ်တော်အတွင်း၌ ကောင်းစွာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

ထိုသို့ဖွားမြင်ပြီးခဏပင်လျှင် ကိလေသာမှ စင်ကြယ်သောစိတ်ရှိကြသည့် မဟာဗြဟ္မာကြီး လေးဦးတို့သည် ဘုရားလောင်းတော်မြတ်ဖြစ်သော သားတော်ကို ရွှေဦးစွာ ရွှေကွန်ယက်ဖြင့်ခံယူကြ၍ မယ်တော်၏ ရှေ့မှောက်၌ထားပြီးလျှင် "အရှင်မိဖုရား နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်ပါလော၊ အရှင်မိဖုရားအား ဘုန်းတန်ခိုးအာနုဘော် ကြီးမြတ်သော သားတော်ဖွားမြောက်ခဲ့လေပြီ"ဟု ပြောဆိုကြကုန်၏။

ထို့နောက် မဟာဗြဟ္မာကြီးလေးဦးတို့လက်မှ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် မင်္ဂလာရှိသည်ဟု သမုတ်ပညတ်အပ်သော သစ်နက်ရေဖြင့် သားတော်ကိုခံယူကြကုန်၏။

တဖန် ထိုနတ်မင်းကြီးလေးပါးတို့၏ လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့်သားတော်ကို ခံယူကြကုန်၏။

ထို့နောက် လူတို့၏လက်မှ လွတ်၍ဘုရားအလောင်းတော်သည် ရွှေခြေနင်းအတူ ညီညွတ်စွာသော ခြေတော် အစုံဖြင့်ရပ်လျှက် အရပ်ဆယ်မျက်နှာကို အစဉ်အတိုင်းကြည့်တော်မူ၍ ထိုအရပ် ဆယ်မျက်နှာလုံးတွင် ကိုယ်တော်မြတ်နှင့်တူသော တစ်စုံတစ်ယောက်မှ မြင်တော်မမူသောကြောင့် ရပ်တည်တော်မူရာအရပ်မှ မြောက်အရပ်သို့ မျက်နှာတူရှု ခုနစ်ဖဝါး လှမ်းတော်မူကြွတော်မူ၏။



မာတိကာသို့

ယင်းသို့ လှမ်းကြွသောအခါ၌ မဟာဗြဟ္မာမင်းသည် ထီးဖြူတော်မိုးလျှက်၊ သုယာမနတ်မင်းသည် သားမြီးယပ်ကိုင်စွဲ လွဲခပ်လျှက်၊ သိကြားနတ်မင်းသည် ခရုသင်းကိုမှုတ်လျှက် လိုက်ပါလေကြကုန်၏။

ဘုရားလောင်းတော်မြတ်သည် မြောက်အရပ်သို့ ခုနစ်ဖဝါး လှမ်းပြီးသော် ခုနစ်ဖဝါး မြောက်သောအလှမ်း၌ ရပ်တန့်တော်မူလျှက်. .

(က) အဂ္ဂေါဟမသ္မိ လောကဿ၊ ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

ဇေဋ္ဌောဟမသ္မိ လောကဿ၊ ငါသည် လူသုံးပါးတွင် အကြီးအကဲဆုံးဖြစ်၏။

သေဋ္ဌောဟမသ္မိ လောကဿ၊ ငါသည် လူသုံးပါးတွင် ချီးမွမ်းအပ်ဆုံးဖြစ်၏

(ခ) အယမန္တိမာ ဇာတိ၊ ဤယခု ပဋိသန္ဓေနေရခြင်းကား ငါ့ဖို့ရာ နောက်ဆုံး ပဋိသန္ဓေတည်နေရခြင်း ဖြစ်၏။

(ဂ) နတ္ထိ ဒါနိ ပုနဗ္ဘဝေါ ၊ ယခုအခါ ငါ့အဖို့ရာ တဖန်ဘဝသစ် မရှိတော့ပြီ- ဟူ၍

လောကဓာတ်စကြာဝဠာ သိုက်တစ်သောင်းလုံးကို ကိုယ်တော်မြတ်၏ အသံတော်ဖြင့် တပြိုင်နက်တည်း ကြားလွှံ့စေ၍ ရဲရဲတောက် စကားကို ကြုံးဝါးကျူးရင့်တော်မူ၏။

ထိုသို့ ကြုံးဝါးမြွက်ဆိုတော်မူသောအခါ ဗြဟ္မာ, နတ်,လူ တစ်စုံတစ်ယောက်သောသူမျှ နှုတ်တုံ့တဖန် ပြန်လှန်ပြင်းဆိုခြင်းငှါ မစွမ်းနိုင်ရကား အလောင်းတော်မြတ်အား အလုံးစုံသော သူတို့သည် ကောင်းချီးပေးကြကုန်၏။

အရှင်ဝိစက္ခဏ (သာသနာ့တက္ကသိုလ်-မန်း)

## ဝဋ္ဋာသောင်းလုံး ဖိန့်ဖိန့်ချွန်း

လုမ္ဗိနီသာမော၊
အင်ကြင်းတောဝယ်၊
ရှင်စောဘဂဝါ၊
ဖွားမြင်လာလျက်၊
'ငါသာအမြတ်၊
ငါသာအကြီး၊
လွန်အံ့ချီးအပ်၊
ဆုံးသတ်သန္ဓေ၊
ငါလေနေ၍၊
ဘဝထွေထွေ၊
ဖြတ်ပြီးပေဟု'၊
သုံးထွေစကား၊
မိန့်မြွက်ကြားသော်၊
သုံးပါးလောက၊
ဒေဝဗြဟ္မာ၊
လူများစွာတို့၊
ကောင်းချီးပို့သည်၊
နှစ်မြို့ဝဋ္ဋာသောင်းလုံးတည်း။

အရှင်ကေလာသ (မစိုးရိမ်)

(ဝဋ္ဋာ = စကြာဝဠာ)



မာတိကာသို့

# စိုးရိမ်မှု

အရှင်ကေလာသ (မစိုးရိမ်)

တစ်နေ့တွင် ဒကာမလေး တစ်ယောက် စာရေးသူထံသို့ ဖုန်းဆက်ပြီး "တပည့်တော် စိုးရိမ်လိုက်တာ ဖုန်းဖုန်းရယ်" အစရှိသည်ဖြင့် ပြောဆိုလျှောက်ထားလာပါသည်။ စိုးရိမ်မှုဟူသည်ကို ပါဠိဘာသာအားဖြင့် "သောက"ဟု ဆိုပါသည်။ သောက-ကို စိုးရိမ်မှု၊ စိုးရိမ်ခြင်း-ဟု မြန်မာဘာသာပြန်ပါသည်။ စိုးရိမ်မှု သောက၏ အရကောက်မှာ ဒေါသ ဖြစ်သည်။ ဒေါသသည် အကုသိုလ်ဖြစ်ပါသည်။ သို့သော် ထိုဒကာမလေး ပြောဆိုလျှောက်ထားသော "စိုးရိမ်မှု"မှာ အကုသိုလ်ဖြစ်သည့် ဒေါသကို အရကောက်ရသည့် သောကဆိုသည့် စိုးရိမ်မှု မဟုတ်ပေ။ မြန်မာဘာသာအားဖြင့်သာ 'စိုးရိမ်မှု'ဟု လွယ်လင့်တကူ ပြန်ဆိုခြင်း၊ ပြောဆိုနေကြခြင်း ဖြစ်သည်။

ထိုဒကာမလေးသည်ကား မိခင်လောင်းတစ်ဦးပင် ဖြစ်သည်။ ထိုဒကာမလေး၏ "စိုးရိမ်ခြင်း" အကြောင်းမှာ မမွေးဖွားသေးသော မိမိ၏ ရင်သွေးသားအတွက် စိုးရိမ်ခြင်း ဖြစ်သည်။ အဘယ်ကို စိုးရိမ်ပါသနည်း။ သူမ စိုးရိမ်ခြင်းအကြောင်းမှာ အလွန်အရေးကြီးသော စိုးရိမ်ခြင်းဖြစ်သည်ကို တွေ့ရသည်။ သူမ စိုးရိမ်ခြင်းကား သူမမြင်တွေ့ခဲ့ရသည့် ကလေးငယ်တစ်ယောက်ကို ကြည့်၍ သူမ၏ မမွေးဖွားသေးသော သားအတွက် စိုးရိမ်ခြင်း ဖြစ်သည်။

ထိုဒကာမလေးသည် ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်သည်။ အသက်ပင်ငယ်သော်လည်း ဘာသာတရားကို ရှိသေလေးစားသူ၊ ဘာသာတရား ကိုင်းရှိုင်းသူ တစ်ယောက် ဖြစ်သည်။ မျိုးရိုးစဉ်ဆက်အားဖြင့်လည်း ဘာသာတရားကို လေးစားကြသူများမှ ပေါက်ဖွားလာသူ ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သိင်္ဂါလသတို့သားအား ပုဂ္ဂိုလ်အသီးသီးတို့ ကျင့်အပ်ဖွယ်ရာ ကျင့်ဝတ်များကို ဟောကြားတော်မူခဲ့ပါသည်။ ထိုကျင့်ဝတ်များကို ဖော်ပြထားသည့်သုတ်တော်ကို သိင်္ဂါလောဝါဒသုတ်ဟု ခေါ်ပါသည်။ ထိုသုတ်တော်တွင် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်တို့ ပါရှိသည်။ ထိုကျင့်ဝတ်များထဲမှ သားသမီးကျင့်ဝတ်ငါးပါးမှာ -

၁။ မိဘတို့ကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၊

၂။ မိဘတို့၏ ပြုလုပ်ဖွယ်ကိစ္စများကို ဆောင်ရွက်ပေးခြင်း၊

၃။ လောကီအမွေ လောကုတ္တရာအမွေတို့ကို ခံယူခြင်း၊

၄။ အမျိုးအနွယ်၏ ယဉ်ကျေးမှုဓလေ့စရိုက်စသည်တို့ကို စောင့်ထိန်းခြင်းနှင့်

၅။ မိဘတို့ သေဆုံးကွယ်လွန်သွားသည့်အခါ အလှူအတန်းပြုလုပ်၍ အမျှပေးဝေခြင်း-တို့ ဖြစ်သည်။

'မိမိတို့ လက်ထက်ရောက်သည့် အခါမှ မျိုးရိုးစဉ်ဆက်အမွေရတနာများ လက်ဆင့်ကမ်းနိုင်ခြင်း မရှိခဲ့သော် မျိုးရိုးကို ထိန်းနိုင်ခြင်းဂုဏ် ပျက်စီးတော့ပါမည်လော'

မာတိကာသို့

ထိုဆိုအပ်ပြီးသော သားသမီးတို့ကျင့်ဝတ်များ အနက် မွေခံထိုက်စေ-ဆိုသောကျင့်ဝတ်နှင့် စောင့် လေ မျိုးနွယ်-ဆိုသော ကျင့်ဝတ်များအရ မိဘတို့၏ အမွေအနှစ် ရတနာသုံးပါးတည်းဟူသော ဉစ္စာအမွေ အနှစ်ကို ရယူခံယူထားသူတစ်ယောက်လည်း ဖြစ် သည်။ ထို့ပြင် ဗုဒ္ဓဘာသာမျိုးရိုးစဉ်ဆက်ကို မပျက် မစီးစေအောင် စောင့်ထိန်းကျင့်သုံးနေသောသူ တစ်ယောက်လည်း ဖြစ်သည်။

မြန်မာစကားပုံ၌ ပါဝင်သော "ရေများ ရေနိုင်၊ မီးများ မီးနိုင်" ဆိုသည့် စကားပုံအတိုင်း ကျင်လည် ကျက်စားရာအရပ်၏ ဓလေ့စရိုက်များသည် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ကူးစက်ဖုံးလွှမ်းတတ်သည့် သဘောရှိရာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ရောက် ရှိရာဒေသ ပတ်ဝန်းကျင်၏ များပြားသော ရိုက်ခတ်မှု များအရ အခြားသော ဘာသာသို့ ကူးပြောင်းနိုင် သကဲ့သို့ ဘာသာမဲ့ကဲ့သို့ မိမိတို့၏ မိရိုးဖလာ အစဉ် အဆက် ကိုးကွယ်သော ဘာသာကို အလေ့အလာ ပြုမှု နည်းပါးခြင်းလည်း ဖြစ်နိုင်သည်။

ဗုဒ္ဓဘာသာ များစွာရှိသော မိမိတို့၏ မိခင် တိုင်းပြည်၌ ဗုဒ္ဓဘာသာမိခင်မှ မွေးဖွားလာသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားဘာသာဝင် ဖြစ်ရန် ခဲယဉ်းသော်လည်း ယခု သူမ ရောက်ရှိနေ သော အရပ်ဒေသသည် ဘာသာခြားတို့ များပြားရာ နေရာ၊ အပျော်အရွှင်များပြားရာဒေသ ဖြစ်သော ကြောင့် ထိုဒကာမလေးသည် မိမိ၏ သားအတွက် မိမိတို့ မျိုးရိုးစဉ်ဆက် ဘာသာတရားမှ ကင်းကွာသွား မည်ကို စိုးရိမ်မိသည်။ ထိုကဲ့သို့ စိုးရိမ်မှု ဖြစ်ရခြင်း၏ အနီးကပ် မြင်တွေ့နေရသည့် အကြောင်းများသည် လည်း ရှိနေပါသည်။ သူမ မြင်တွေ့ရသည်ကား "ဗုဒ္ဓဘာသာ မိဘနှစ်ပါးမှ မွေးဖွားလာသည့် ကလေး တစ်ယောက်၊ ထိုကလေးသည်ကား ဘာသာတရား ဆိုသည်ကိုလည်း နားလည်နေသောသူ ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာကို မသက်ဝင် မယုံကြည်သူ" ဖြစ်နေသည်။ ထိုကဲ့သို့ မြင်တွေ့ရသည့်အတွက် ကြောင့် မိမိ သားသမီး မွေးဖွားလာခဲ့သော် မိမိ သားသမီး ထိုကဲ့သို့ ဖြစ်သွားမည်ကို တွေးလျက် စိုးရိမ် ပူပန်ခြင်း ဖြစ်သည်။

ထို့ပြင် မိမိတို့ရဲ့ မိခင်ဖခင်တို့သည် သားသမီး ကျင့်ဝတ်နှင့်အညီ မျိုးရိုးစဉ်ဆက်ကို ထိန်းနိုင်ခဲ့ပြီး မိမိ တို့ကိုလည်း မျိုးရိုးစဉ်ဆက်အမွေကို ပေးနိုင်ခဲ့ပါလျက် မိမိတို့လက်ထက်ကျပါမှ မိမိတို့သားသမီးတို့ကို မိမိတို့ မျိုးရိုးစဉ်ဆက်အမွေကို မပေးနိုင်ခဲ့သော်၊ မိမိတို့ လက်ထက်ရောက်သည့်အခါမှ မျိုးရိုးစဉ်ဆက် အမွေ ရတနာများ လက်ဆင့်ကမ်းနိုင်ခြင်း မရှိခဲ့သော် မျိုးရိုးကို ထိန်းနိုင်ခြင်းဂုဏ် ပျက်စီးတော့ပါမည်လော- ဟု စိုးရိမ်ခြင်း ဖြစ်သည်။ ထို့နောက် မိမိတို့သည် မိဘတစ်ဦး ဖြစ်လာသော် "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်" စသည့် မိဘကျင့်ဝတ်များတွင် ပါဝင်သည့် သားသမီးကို မကောင်းသည်ကို မတားမြစ် နိုင်၊ ကောင်းသည်ကို မညွှန်ကြားနိုင်ခဲ့သော်- မိဘ ကျင့်ဝတ် ချို့ယွင်းလေတော့မည်လော-ဟုလည်း တွေး တောမိလျက် စိုးရိမ်ခြင်း ဖြစ်သည်။

> ''မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်'' စသည့် မိဘကျင့်ဝတ်များတွင်ပါဝင်သည့် သားသမီးကို မကောင်းသည်ကို မတားမြစ်နိုင်၊ ကောင်းသည်ကို မညွှန်ကြားနိုင်ခဲ့သော်- မိဘကျင့်ဝတ် ချို့ယွင်းလေတော့မည်လော''

မာတိကာသို့

စင်စစ်အားဖြင့်ကား ထိုဒကာမလေး၏ စိုးရိမ်မှုမှာ အကုသိုလ်ဖြစ်သည့် ဒေါသကို အရကောက်ရသည့် သောက-ဆိုသည့် စိုးရိမ်မှု မဟုတ်ပေ။ သူမမြင်တွေ့ခဲ့ရသည့် ဗုဒ္ဓဘာသာ မိဘနှစ်ပါးမှ မွေးဖွားလာသည့် ကလေး၊ ဗုဒ္ဓဘာသာကို မယုံကြည်တဲ့ကလေး၊ ဗုဒ္ဓဘာသာကို လက်မခံသည့် ကလေး၏ အဖြစ်ကို မြင်တွေ့ပြီး သူမသန္တာန်တွင် ဖြစ်ပေါ်သည့် သံဝေဂဉာဏ်အရင်းခံသည့် **"သဟောတ္တပ္ပဉာဏ်"** သာလျှင် ဖြစ်သည်။ မြန်မာဘာသာဖြင့် ပြန်ဆိုရာတွင်သာ လွယ်လင့်တကူ "စိုးရိမ်မှု"ဟု ပြန်ဆိုခြင်း ဖြစ်သည်။ သဟောတ္တပ္ပဉာဏ်ဆိုသည်မှာ- မြင်တွေ့ရသည့် တစ်စုံတစ်ခု ဖြစ်ပျက်နေသည့်သဘော၊ ဖြစ်ပျက်တော့မည့်သဘောကို ကြံစည်တွေးတောမိသည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာသည့် ဓမ္မသံဝေဂဖြစ်သည်။ ထိုသဘောကို ပါဠိစာပေ၌ "ဓမ္မသဘာဝစိန္တာဝသေန ပဝတ္တံ သဟောတ္တပ္ပဉာဏံ ဓမ္မသံဝေဂေါ"ဟု ဆိုထားသည်။

> စိုးရိမ်မှု ဓမ္မသံဝေဂ သဟောတ္တပ္ပဉာဏ်
> ဖြစ်ပေါ်သော စိုးရိမ်မှုနောက်ဝယ်
> ကာကွယ် တားဆီးခြင်းဟူသော လုပ်ဆောင်မှုလည်း
> ဖြစ်ပေါ်လာမည် ဖြစ်သည်။
> စိုးရိမ်မှု မဖြစ်သော် ကာကွယ်မှုလည်း မဖြစ်နိုင်၊
> ကာကွယ်တားဆီးမှု မဖြစ်သော်
> မိမိတို့၏ မျိုးရိုးစဉ်ဆက် အမွေသည်
> ပျက်စီးတော့မည်သာ ဖြစ်သည်။

ထို့ကြောင့် ထိုဒကာမလေး၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသည့် ဓမ္မသံဝေဂသဟောတ္တပ္ပဉာဏ် ဖြစ်ပေါ်မှုမျိုးသည် မြန်မာတို့ အလွယ်အားဖြင့် ခေါ်ဝေါ်သည့် "စိုးရိမ်မှု"ပင် ဖြစ်သည်။ ထိုကဲ့သို့သော စိုးရိမ်မှုသည် ထိုဒကာမလေးကဲ့သို့ပင် မိဘတိုင်း ဖြစ်သင့်သည့် ဓမ္မသံဝေဂ၊ ဖြစ်ရမည့် ဓမ္မသံဝေဂ ဖြစ်သည်။ ထိုကဲ့သို့ စိုးရိမ်မှု ဓမ္မသံဝေဂ သဟောတ္တပ္ပဉာဏ် ဖြစ်ပေါ်သော စိုးရိမ်မှုနောက်ဝယ် ကာကွယ်တားဆီးခြင်းဟူသော လုပ်ဆောင်မှုလည်း ဖြစ်ပေါ်လာမည် ဖြစ်သည်။ စိုးရိမ်မှု မဖြစ်သော် ကာကွယ်မှုလည်း မဖြစ်နိုင်၊ ကာကွယ်တားဆီးမှု မဖြစ်သော် မိမိတို့၏ မျိုးရိုးစဉ်ဆက် အမွေသည် ပျက်စီးတော့မည်သာ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း "သဟောတ္တပ္ပဉာဏ် ဖြစ်ပေါ်၍ အမျိုးဘာသာ သာသနာနှင့် မျိုးရိုးစဉ်ဆက် အမွေအနှစ်ကို ထိန်းသိမ်းနိုင်ကြစေရန်" ရည်သည်၍ ဤဆောင်းပါးကို တိုက်တွန်းရေးသားလိုက်ရပါပေသည်။

အရှင်ကေလာသ (မစိုးရိမ်)

> ဗုဒ္ဓဟောရာ၊ ကျမ်းသိဂီအား၊ ကျင့်ကာပွားလို့၊
> သီလတရား စောင့်ရှောက်အားဖြင့်
> ရိုးရာအမွေ၊ ထိန်းစို့လေ။

## Religious Emotion

One day, a young lady called and told me something by starting that "I am worried". Worry is called Soka in Pali. Soka is translated as being afraid or fearful in Myanmar. Soka is Dosa in Abhidhamma. Dosa is defilement. But the worry she was telling me is not Soka, or defilement. It is just being easily translated as worry. ( not the kind of worry that means Soka).

This young lady is a mother-to-be. She is worrying for her child who is not yet born. What is she worrying about? Her worry is very important. She is worrying for her child because of what she saw concerning about a young boy.

She is a Buddhist. Although she is young, she is devoted to religion. Her family are also devoted to religion. The Buddha taught to Singala about the duties for all people. These are called Singala Sutta. In these Sutta, there are the children's duties and the parents' duties. Children's duties are as follows:

1. By supporting parents;
2. By performing his or her duties owing to them;
3. By preserving the family lineage;
4. By being worthily of his or her inheritance; and
5. By offering alms in honor of his or her departed parents.

She has received heritage of Buddhist religion according to children's duties, preserved the family lineage and being worthily of her inheritance. She is also the one who kept and followed her duties so that the heritage of Buddhist religion in generation is being maintained.

As someone's habits and behaviors can change from weakness to strength like in Myanmar proverbs, "The more water ,water wins, the more fire, fire wins ", someone's belief of religion can change to another religion because of associations and beliefs of neighbors, or can become without any religion as one does not study or practice any religion.

Someone from Buddhist country is rare to change to other religion in our mother country because we have many Buddhist people. But it is easy to change here because she comes and lives in a place where there are a lot of people with different religion. So she is worried for her future child. She has a point in her worry. She saw a boy who came from Buddhist parents. This boy also knows about the religion but he does not believe in Buddhism. So she is worried as she thought of her child becoming like this boy.

She is worried that although our parents taught us to inherit the Buddhist tradition , in our time, if we can't teach our children to keep this tradition, the religious belief in their generation will be destroyed. When they become parents, they can't fulfill the parents duties, such as dissuade their children from evil and persuade them to do good. They will be lack of their duties.

Indeed, her worry is not Soka, nor Dosa (anger) in Abhidhamma. Her worry is only religious emotion. How did she get Sahottappañam, religious emotion? She met and saw one boy who does not believe in, nor accept to Buddhism although he came from Buddhist parents. Then she felt bad for this boy. So she got religious emotion which is being translated to Worry, which is the only easiest way of being translated into Burmese. When someone sees of something happening and something to be happened,

he becomes emotional or agitated. This agitation is called Sahottappañāna, religious emotion. This is said "Dhammasabhāvacintāvasena pavattaṃ sahottappañānaṃ dhamma-saṃvego" in Pali literature.

So this religious emotion, the so called worry, this kind of worry should occur in every parent like this young lady. When anybody becomes worried like this, he or she will do something as a prevention or protection. (that is teach their children religious belief in Buddhism). Then the belief in Buddhism of our generation will not lost forever. If there is no worry, there will not be any prevention or protection. If there is no prevention or protection, then, the belief in Buddhism of our generation will lost forever.

So I urge you all with this article that all Buddhist people must keep Buddha's teaching and keep heritage of belief in generation by invoking religious emotion.

Ashin Kelāsa (Nissoka)

သီလပြည့်မှမြတ်ဘာဝနာဖြည့်နိုင်ရာကြောင့်
ရိုးရာအမွေ၊ထိန်းကာသိမ်းလို့၊
မြတ်စွာဗုဒ္ဓ၊ဆိုဆုံးမကို
ရှည်ကြာအောင်ရှက်တို့တစ်တွေ။

## နိဗ္ဗာန်ဟူသည်

နိဗ္ဗာန်ဟူသည်၊ မြတ်ရွှေပြည်ကား၊
သေသည်ရွှေ့လျော၊ သဘောမရှိ၊
စုတိသေခြင်း၊ လွန်မြောက်ခြင်းနှင့်၊
ကြောင်းရင်းလေးခု၊ ပြင်ပြုမပါ၊
လွန်သာ ဓမ္မ၊ ရှာမရဘဲ၊
သုံးဝတဏှာ၊ လွတ်မြောက်ရာဟု၊
ဗုဒ္ဓါရှင်မြတ်၊ ဟောညွှန်အပ်သည်၊
တပ်တပ်သေချာ သိဖို့တည်း။

WHAT AN EXTINCTION OF A FIRE

*Nibbāna is the most holy place;*

*It is from dying safe;*

*It has nothing causal doing;*

*It is second to none in finding;*

*It is an extinction of craving;*

*This is Buddha's saying.*

Ashin Kelāsa (Nissoka)

မာတိကာသို့

# အမေကျေနပ်ပါပြီသားရယ် အပိုင်း(၃)

မောင်ပညာ (မန်းတက္ကသိုလ်)

## အမျိုးသမီးရေးရာ ကိုယ်စား

အို. . . သားတော် သမီးတော်တို့ နားထောင်ကြအုံးကွယ်။ သားတော် သမီးတော်တို့အတွက် လောကအလင်းရောင်တွေပေးနေတဲ့ သားတော်ဘုရား မြတ်စွာဗုဒ္ဓကို ဟိုး. . . ငယ်ငယ်တုန်းက နို့ချိုတိုက်ကျွေး မွေးမြူပြီး၊ အမေက ဘယ်သူမှ နှိုင်းလို့မရနိုင်လောက်တဲ့ မေတ္တာမျိုးနဲ့ ပြုစုခဲ့တယ်၊စောင့်ရှောက်ခဲ့တယ်။ လောကကြီးမှာ အတုမရှိ အတူမရှိတဲ့ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား မဖြစ်ခင် အသက် (၂၉)နှစ်သား အရွယ်ထိ သားတော်ဗုဒ္ဓကို အမေကလေ ကိုယ့်အသက်ထက် ပိုတန်ဖိုးထားပြီးတော့ စောင့်ရှောက်ခဲ့တာ။

ပြီးတော့ ဘိက္ခုနီ (အမျိုးသမီးရဟန်း) သာသနာတော်ကြီး ပေါ်ပေါက်လာဖို့အတွက် အမေလေ သားတော် အရှင်အာနန္ဒာရဲ့ အကူအညီနဲ့ အားသွန်ခွန်စိုက် မဆုတ်မနစ် ကြိုးပမ်းခဲ့လို့ အရာရာကို ထောက်ထားငဲ့ပြီး သားတော်ဘုရားက ခွင့်ပြုခဲ့တယ်။ ဘိက္ခုနီ (အမျိုးသမီးရဟန်း) သာသနာကြီးကို တိုးတက်ပြန့်ပွားစည်ပင်အောင် အမျိုးသမီးထုကို ကိုယ်စားပြုပြီး အမေက ဦးစီးဦးဆောင် လမ်းပြလမ်းညွှန်ခဲ့တယ်။

## အမေ့ကျေးဇူး ဆပ်ချင်တယ်ဆိုရင်

သားတော် သမီးတော်တို့ရဲ့ သောက ပင်လယ်ကြော၊ ဆင်းရဲဝေဒနာတောထဲကနေ အမေက တတ်နိုင်သလောက် သားတော်သမီးတော်တို့ကို ဆွဲထုတ်ခဲ့တယ်။ အဲဒီကျေးဇူးဂုဏ်တွေကို သားတော် သမီးတော်တို့က ပြန်ပြောင်းသတိရလို့ တွေးတောမိမယ်။ နောက်ပြီး အဲဒီကျေးဇူးဂုဏ်တွေကို ထောက်ထားပြီး အမေ့ကို ချစ်တယ်၊ သနားတယ်၊ ကြည်ညိုတယ်၊ ကျေးဇူးဆပ်ချင်တယ် ဆိုရင်လေ . .

သဒ္ဓမ္မဋ္ဌိတိယာ သဗ္ဗာ၊ ကရောထ ဝီရိယံ ဒဠှံ = အလုံးစုံသော မြတ်စွာဘုရားအဆုံးအမ သူတော်ကောင်းတရား တည်ဖို့ရန် ကြိုးစားမှုဝီရိယကို မြဲမြံစွာ ပြုကြကုန်လော့. . .။

အမေ မရှိတဲ့နောက် သားတော် သမီးတော်တို့ သိထားပြီးဖြစ်တဲ့ မြတ်ဗုဒ္ဓရဲ့ ပရိယတ္တိသာသနာ (သင်ယူခြင်း၊ မှတ်သားခြင်း၊ နားထောင်ခြင်း)၊ ပဋိပတ္တိသာသနာ (သင်ထား၊ သိထားတဲ့အတိုင်း လိုက်နာကျင့်ကြံခြင်း)၊ ပဋိဝေဓသာသနာ(သိခြင်း၊ ကျင့်ခြင်းတို့ရဲ့အကျိုး ရလဒ် အသီးအပွင့်)၊ အဲဒီသာသနာသုံးရပ်ကို မြဲမြံခိုင်ခံ့တဲ့ မဆုတ်မနစ်သော ဝီရိယတွေ၊ သားတော် သမီးတော်တို့ရဲ့ သောကမျက်ရည်တွေကို ရုတ်သိမ်းပြီးတော့ ရွှင်ပြန်ထက်သန်သော စိတ်ဓာတ်တွေနဲ့ တိုးတက်အောင်၊ ပြန့်ပွားစည်ပင်အောင် ကြိုးစား အားထုတ်ရစ်ကြပါ။ အခုအချိန်ဟာ သောကတွေ ပူဆွေးပြီး ငိုကြွေးနေရမဲ့ အချိန်မဟုတ်တော့ပါဘူး။

## ငိုချင်စိတ်ပေါက်အောင် ငိုတတ်သူ

ဒါနဲ့ သတိရတုန်း ပြောလိုက်ပါအုံးမယ်။ မိဘတွေ၊ အဖိုးတွေ အဖွားတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ သူငယ်ချင်းမိတ်ဆွေတွေ သေသွားကြရင် တို့ရွှေနိုင်ငံမှာ သိပ်ပြီးငိုကြတာ။ စာရေးသူတွေ့ဘူးတဲ့ အမျိုးသမီးတစ်ယောက်ဆိုရင် တစ်လထဲမှာ မောင်သေ၊ ပြီးတော့ အမေသေ-ဆိုတော့ ငိုလိုက်တဲ့ ဖြစ်ခြင်း၊ သူငိုပြီး ပြောတဲ့ စကားတွေကို နားထောင်ပြီး နားထောင်ရတဲ့ သူတွေတောင် သူ့ကို သနားပြီး ငိုချင်စိတ်တွေပေါက်လာတယ်။



မာတိကာသို့

## တကယ့်ကိုမှ အရှုံးဘဲ

ဘယ်သူတွေက ဘယ်လောက်ပဲ ငိုချင်စိတ်တွေ ပေါက်ပေါက် ရှေ့မှာရှိတဲ့ ရုပ်အလောင်းကတော့ (အသိအမျိုးသမီးတစ်ယောက် ပြောနေကြစကားလို) သူ မသိ၊ သူ မကြား၊ သူ မဟုတ်သလိုပဲ။ ဟုတ်တယ်လေ၊ ဘဝတွေက ခြားသွားပြီ၊ တကယ်လို့ သေတဲ့သူက နတ်ပြည်ရောက်နေရင် လူ့ပြည်ကို သတိမရတော့တာ အမှန်ပဲ။ သတိရတယ် ထားပါအုံး၊ နတ်ပြည်ကို ရောက်တဲ့အချိန်နဲ့ ကျန်ရစ်သူ ငိုနေတဲ့ အချိန်တို့ဟာ ဘယ်လိုမှ စပ်ဟပ်လို့ မရနိုင်လောက်အောင် ကွာခြားလွန်းတယ်။ နတ်ပြည်က ကြည့်မိတယ်ဆိုတောင်မှ "အော် ဒီငိုတဲ့သူနှယ် တော်တော် ရှုံးတာပဲ၊ တကယ့်ကိုမှ အရှုံးပဲ၊ ဒီလောက် ကိုယ့်ရှေ့ကလူက သေပြနေတာတောင် သတိတရားလေး နည်းနည်းမှ မရဘူး" ဆိုပြီး လှောင်နေမှာ။

## ဘဝနိကန္တိက တဏှာ

မြတ်ဗုဒ္ဓ ရှိစဉ်အခါတုန်းက သူ့မိဖုရား သေလို့ မိဖုရားအလောင်းကို ဆေးရည်တွေနဲ့စိမ်ပြီး တသသနဲ့ ပူဆွေးသောကရောက်နေတဲ့ မင်းတစ်ပါးရှိတယ်။ သူ့မိဖုရားက သိပ်လှတာကိုး။ လှတော့ ချစ်တယ်။ အနုအလှ စကားလေးတွေနဲ့ ချွဲချွဲနွဲ့နွဲ့ ပြောတတ်တော့ အဲဒီမင်းဟာ တစ်ခြားမိဖုရားတွေထက် သူ့ကို ပိုလို့ ချစ်တာ။ သူ့မိဖုရား ငယ်ငယ်ရွယ်ရွယ် လှလှပပ နုနုထွတ်ထွတ်လေး မထင်မှတ်ဘဲ သေသွားတော့ အရှုံးတစ်ပိုင်းပေါ့။

ဘယ်သူမှ ဖြောင့်ဖြ ဖြေသိမ့်လို့ မရနိုင်ဘူး။ နေ့စဉ်နေ့စဉ် အဲဒီ မိဖုရားအလောင်းနားမှာပဲ တမှိုင်မှိုင်တတွေတွေနဲ့ ပူဆွေးသောက ရောက်နေတာ။ မြတ်ဗုဒ္ဓနဲ့တွေ့ပြီး ဘုရားရှင်နဲ့ ဆွေးနွေးခွင့်၊ တရားနာခွင့် ရပြီးနောက် . . . ဘဝခြားသွားတာရယ်၊ ဘဝသစ်မှာ ပိုးကောင်မဖြစ်ပြီး ယောကျ်ား အသစ်ဖြစ်တဲ့ ပိုးထီးနဲ့ ပျော်မွေ့နေတာကို သိရတော့မှ သူ့ဘဝက ငြိမ်းချမ်းသွားတာ။

ဒီနေရာမှာ ပြောချင်တာက ဘဝနိကန္တိက တဏှာပါ။ အဓိပ္ပါယ်က ကိုယ့်ဘဝမှာ ကိုယ် တပ်မက်ပြီး ပျော်မွေ့နေကြတာပါပဲ။ ပေါင် တစ်ချောင်းပြတ်ပြီး တောင်းစားနေတဲ့ သူတောင်းစား တစ်ယောက်ကို သူဌေးတစ်ဦးက "မင်းဘဝက သနားစရာပဲ၊ ပေါင်ပြတ်နေရတဲ့အထဲ တောင်းကလဲ တောင်းစားနေရသေးတယ်။ လူ့ ပြည်မှာ နေမယ့်အစား သေတာက ပိုကောင်းအုံးမယ်" လို့ ပြောကြည့်။ ပေါင်ပြတ်သူတောင်းစားက ဘာပြန် ပြောမယ်ထင်ပါသလဲ?...။

ဒီလိုပါပဲ လူတွေတောင် မဟုတ်ဘူး၊ တိရစ္ဆာန်တွေလဲ သူ့ဘဝမှာ သူ ပျော်နေတာပဲ။ လမ်းဘေးမှာ ခွေးလေခွေးလွင့် တစ်ကောင်၊ ဝဲကလဲ စားနေသေးတယ်။ နေ့စဉ်နေ့စဉ် စားစရာက မရှိ၊ သူများ လွှင့်ပစ်တဲ့ အမှိုက်ထဲက မနည်း လုစားနေရတဲ့ ခွေးဝဲစားဘဝ။ သူ့ကိုကြည့်ပါလား။ သူ့ဘဝကို သူ မကျေမနပ်နဲ့ မှိုင်နေတဲ့ နေ့တွေများ ရှိပါသလား. ?.. ။ နောက်လူတွေရဲ့ အညစ်အကြေး၊ အစားအသောက် အပုတ်အစပ်တွေမှာ နေတဲ့ ပိုးလောက်လန်းတွေကို ကြည့်၊ သူတို့တွေဟာ သူတို့ဘဝကို စက်ဆုပ်ရွံရှာနေလိမ့်မယ်လို့ ထင်နေပါသလား. . ?။

ချမ်းသာတဲ့သူ၊ ဆင်းရဲတဲ့သူ၊ ဘယ်သူမဆို ကိုယ့်ဘဝမှာကိုယ် ပျော်နေကြတာပါပဲ။ အဲဒါ ဘဝနိကန္တိက တဏှာပဲ။ သိပ်ပြီးကြောက်စရာကောင်းတယ်။ ဘဝကို ငြီးငွေ့ဖို့၊ ဆင်းရဲအစစ်ကို မြင်ဖို့၊ ပြီးတော့ အဲဒီဆင်းရဲ ဘာကြောင့်ဖြစ်တာလဲဆိုတာ သိဖို့ အင်မတန်မှ ခက်ခဲတယ်။

## အဲယားကွန်းနဲ့ ဆရာဘုန်းကြီး

စာရေးသူတို့ငယ်ငယ်က အရမ်းရင်းနှီးကျွမ်းဝင်တဲ့ ဆရာဘုန်းကြီးတစ်ပါးရှိခဲ့တယ်။ အဲဒီအချိန် ဆရာဘုန်းကြီး အသက်က ရှိလှမှ လေးဆယ်ဝန်းကျင်၊ တက်ကြွလန်းဆန်းနေတဲ့အချိန်ပေါ့။ အဲယားကွန်း အရမ်းကြိုက်တယ်။ သူသေ(ပျံတော်မူ)ရင်တောင် အဲယားကွန်းဖက်ပြီး သေမယ်လို့ မကြာခဏ နောက်ပြောလေ့ရှိတယ်။ ဒကာ,ဒကာမတွေကလဲ လေဖြတ်မှာစိုးလို့ အအေးကြိုက်တာ လျှော့ဖို့ လျှောက်ထားကြတယ်။ တစ်နေ့တော့ ဆရာဘုန်းကြီးအမိန့်ရှိတာက လေများဖြတ်ခဲ့မယ်ဆိုရင်တော့ ဒီအတိုင်း တွဲတွဲ ဆွဲဆွဲနဲ့ မနေဘူး၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်မယ်တဲ့။ ဆရာဘုန်းကြီးလေဖြတ်တာ တွဲတွဲဆွဲဆွဲဖြစ်တာ သုံးခါတောင်။ ဆရာဘုန်းကြီး ဘာလုပ်မယ်ထင်သလဲ။ ဒါတွေဟာ ဘဝနိကန္တိကကို ပြောချင်တာပါ။

## မသာချရင်း လူပျိုလှည့်

စာရေးသူ မြန်မာနိုင်ငံမှာ အသုဘချတာကို အိုးစည်ဗိုးပတ်နဲ့ အသုဘချတာကို မကြာခဏ ဆိုသလို တွေ့ဖူးတယ်။ ငယ်စဉ်ဘဝ အသုဘပို့ရင်း သတိထားမိတာက အသုဘပို့တဲ့သူတွေဟာ ငြိမ်သက်ပြီး သံဝေဂယူရင်း လိုက်ပို့ကြတယ်။ အခုခေတ်မှာ အသုဘပို့တဲ့သူတွေက ရယ်လို့မောလို့ လူပျို အပျို လှည့်ကြတာတောင် ပါသေး။

## နောက်လာဦးမလားတဲ့

ရွှေအိုးစည်က တီး၊ က,တဲ့သူက က၊ အလောင်းထမ်းပြီး ဆော့တဲ့သူက ဆော့၊ ပြီးတော့ အသုဘ အလောင်းကို မြေချခါနီးဖြစ်ဖြစ်၊ မီးရှို့ခါနီးဖြစ်ဖြစ် ခဲနဲ့ပေါက်ကြတယ်။ ပါးစပ်ကလဲ ပြောကြတယ်။ နောက်လာအုံးမလားတဲ့။ နောက်ထပ် သေတဲ့သူတွေ လာမှာကြောက်ကြလို့နဲ့ တူပါတယ်။ လူတွေက မသေတဲ့ အမျိုးလို့ ထင်နေကြဟန်တူပါရဲ့။ နောက် လာအုံးမလားရဲ့ အကျိုးဆက်က ခဲနဲ့ပစ်ရင်း အသုဘ အလောင်းနားမှာရှိတဲ့လူရဲ့ မျက်နှာကို သွားမှန်လို့ အသုဘပွဲက ရန်ပွဲကြီး ဖြစ်ကြပြန်ရော။ ပြောစရာတွေက အများကြီး၊ အသုဘနဲ့ ဖဲဝိုင်း၊ အကျိုးဆက်က ရန်ပွဲ၊ ဒါတွေကလဲ သတိထားဖို့ ကောင်းတယ်။

## အမျိုးသမီးရဟန်းမ(ဘိက္ခုနီ)သာသနာတော်ကြီး သုံးကြိမ်လျှောက်လည်း ခွင့်မပြု

သားတော် သမီးတော်တို့ မြင်တွေ့နေရတဲ့ အမေတို့ရဲ့ အမျိုးသမီး ရဟန်းမ (ဘိက္ခုနီ) သာသနာတော်ကြီးကို သားတော်မြတ်စွာဘုရားက လွယ်လွယ်ကူကူနဲ့ သဘောတူ ခွင့်ပြုခဲ့တာ မဟုတ်ဘူးကွယ့်။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်မှာ သားတော် သိဒ္ဓတ္ထက သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ သားတော်ရဲ့အသက်က (၃၅) နှစ်ပေါ့။ သားတော်ဘုရား (၃၆) နှစ်အရွယ်၊ မဟာသက္ကရာဇ် (၁၀၄) ခုနှစ်ရောက်တော့ အမေတို့နေရာ ကပိလဝတ် နေပြည်တော်ကြီးကို သားတော်ဘုရား ကြွလာတယ်လေ။ အဲဒီကြွလာတဲ့အချိန်၊ ရလိုက်တဲ့ အခွင့်အရေးကို အမေက ဘယ်လက်လွှတ်ခံလိမ့်မတုန်း။ အမျိုးသမီး ရဟန်းမ (ဘိက္ခုနီ)သာသနာတည်ထောင်ခွင့်ရအောင် လျှောက်ထားတော့ သားတော်ဘုရားက လက်မခံခဲ့၊ ခွင့်မပြုခဲ့ဘူးကွယ့်၊ နှစ်ကြိမ်လျှောက်လဲ ခွင့်မပြု၊ သုံးကြိမ်လျှောက်ပြန်တော့လဲ ခွင့်မပြုခဲ့ပြန်ဘူးကွယ်။

## ရဟန်းမတွေ ဝတ်ချင်ရှာ

အော် ဒါနဲ့ ပြောရအုံးမယ်။ သာကီဝင်မင်းသားငါးရာ သားတော်ဘုရားရဲ့အထံမှာ ယရာဝါသ အိမ်ရာ တည်ထောင် လူတို့ဘောင်ကို စွန့်ခွါပြီး ရဟန်းတွေ ဝတ်သွားကြတော့ ကျန်ရစ်ခဲ့တဲ့ သူတို့ရဲ့ ဇနီး အမျိုးသမီးငါးရာက အိမ်ထောင် ထပ် မပြုကြဘူးလေ၊

သူတို့လေးတွေကလဲ အမေနဲ့အတူ ရဟန်း ဝတ်ချင် ရှာနေကြတာ။

## ကျောင်းတော်ကြီးဆီသို့

မဟာသက္ကရာဇ် (၁၀၈)ခုနှစ်၊ သားတော်ဘုရားရဲ့ အသက် (၄၀)အရွယ် အချိန်မှာပေါ့၊ သားတော်မြတ်စွာဘုရား ဝေသာလီပြည်၊ မဟာဝုန်တောကြီးထဲ က ကူဋာဂါရသာလာကျောင်းတော်မှာ သီတင်းသုံးနေ တယ်လို့ကြားတော့ သားတော်ဘုရားနဲ့ ရဟန်းသံဃာ တွေကို အတူယှဉ်အားကျပြီး အမေနဲ့အတူ သာကီဝင် မင်းသမီး ငါးရာတို့ဟာ ဆံပင်တွေကိုဖြတ်၊ ဖန်ရည်စွန်းတဲ့ အဝတ်တွေကို ဝတ်ပြီး သားတော်ဘုရားရဲ့ ကျောင်းတော်ကြီးဆီကို သွားကြမယ်ပေါ့။

## ခြေဖဝါးနုနု သွေးခြေ ဥပါပေါ့

အဲဒီလို သွားမယ်လို့ ဟန်ပြင်တော့ သာကီဝင်မင်းတွေက ယာဉ်ရထားနဲ့ သွားဖို့ သူတို့စီစဉ်ပေးမယ် ဆိုတဲ့အကြောင်း ပြောပါတယ်။ အမေတို့တတွေက အဲဒီလိုသွားရင် သားတော်ဘုရားကို မရိုသေရာ ရောက်မှာစိုးလို့ သူတို့ စီစဉ်ပေးမယ့် ယာဉ်ရထားတွေကို ငြင်းပယ်ပြီး ဖိနပ်တောင် မစီးဘဲနဲ့ သားတော်ဘုရားရှိရာ မဟာဝုန်တောကြီးထဲကို သွားကြတာပေါ့။ ဖုန်တွေက ထူ၊ လမ်းခရီးကလဲ ကြမ်းတော့ ဖုန်တွေက ခန္ဓာကိုယ်မှာ အလိမ့်လိမ့်ကပ်၊ ခြေဖဝါးတွေမှာ ဖိနပ်မစီးဘဲ တစ်ခါမှ မလျှောက်ဖူးတော့ သွေးခြေတွေ ဥ၊ ပေါက်ပြဲ ပြီးတော့ သွေးသံရဲရဲ ဖြစ်နေတာပေါ့ကွယ်။

## ပါးပြင်မှာ မျက်ရည်လေးတွေ ခိုဆင်းလို့

သားတော်ဘုရားရဲ့ ကျောင်းပရဝုဏ်အတွင်းကို ရောက်တာနဲ့ သားတော်ဆီကို တန်းပြီး မသွားရဲသေး ဘူး။ သားတော်ဘုရားရဲ့ ခွင့်ပြုချက်ကို မရယူဘဲ ကိုယ့်သဘောနဲ့ကိုယ် ဆံပင်တွေဖြတ်၊ ဖန်ရည်စွန်းတဲ့ အဝတ်တွေကို ဝတ်လာတာဆိုတော့ တန်းပြီး ဘယ် သွားရဲပါ့မလဲ။

ဒါနဲ့ အမေလဲ အားတင်းပြီး သာကီဝင်မင်းသမီး ငါးရာကို အပြင်မှာထား၊ အမေက သားတော်ဘုရားရဲ့ ကျောင်းတော်အပေါက်ဝလေးမှာပေါ့၊ အထဲ ဝင်ရ ကောင်းနိုး မဝင်ရ ကောင်းနိုးနဲ့ ချီတုံချတုံ ဖြစ်နေခဲ့တယ်။ နောက်ပြီး ဝမ်းနဲစိတ်တွေ ဝင်ပြီး သူ့အလိုလိုပဲ မျက်ရည်တွေက ပါးပြင်မှာ ခိုဆင်းလို့ပေါ့။

## ရင်တထိတ်ထိတ်နဲ့ ကျန်ရစ်ခဲ့

သိပ်မကြာလိုက်ပါဘူး၊ ကံကောင်းချင်တော့ သားတော် အရှင်အာနန္ဒာ ရောက်လာခဲ့တယ်လေ။ သားတော် အာနန္ဒာလဲ တွေ့တွေ့ချင်း အမေ့ရဲ့ အဝတ်အစား အသွင်အပြင်၊ ကိုယ်စိတ် ဆင်းရဲနေပုံ၊ ခြေဖဝါးနုနုမှာ သွေးခြေတွေဥ၊ ခန္ဓာကိုယ်မှာ ဖုန်အလိမ့်လိမ့်ကပ်ပြီး မျက်ရည်တွေကျနေတာကို တွေ့တော့ အရမ်းအံ့ဩလို့ နေတယ်လေ။ ပြီးတော့ အကျိုးအကြောင်းမေးတော့ အမေလဲ ကိုယ့်ရဲ့ ဖြစ်ချင်တဲ့ဆန္ဒတွေကို ဖော်ထုတ်လိုက်တာပေါ့။

သားတော်အာနန္ဒာက အားကိုးရပါတယ်။ အမေ့ကိုလေ. . "မယ်တော်ကြီးရယ် ဒီလောက်လဲ စိတ်သောက ရောက်မနေပါနဲ့၊ သားတော် လျှောက်ပေးပါ့မယ်"လို့ ပြောပြောဆိုဆိုနဲ့ သားတော်ဘုရားရဲ့ ကျောင်းတော်ရာထဲ ဝင်သွားတော့ အမေလေ ရင်တထိတ်ထိတ်နဲ့ တံခါးဝနားမှာ စောင့်လို့ ကျန်နေရစ်ခဲ့ရတာ။

## အရှင်အာနန္ဒာရဲ့ အစွမ်းသတ္တိ

သားတော်လေး အာနန္ဒာက အထဲဝင်သွားပြီးတဲ့နောက် အမေ့ရဲ့ ပုံပန်းအသွင်ကို သားတော် ဘုရားအား အရင် လျှောက်ပြီး မယ်တော်ကြီး ရဟန်းမ



မာတိကာသို့

ဝတ်လိုပါကြောင်း ခွင့်တောင်းလျှောက်ထားတော့တာ ပါပဲ။ သားတော်ဘုရားက နှစ်ကြိမ်မက သုံးကြိမ်တိုင်အောင် ပယ်မြစ်လိုက်တော့ သားတော်လေး အာနန္ဒာလဲ ပရိယာယ်စကားနဲ့ လျှောက်ထားပြန်တယ်။

"ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ အမျိုးသမီးတွေအတွက် အိမ်ယာတည်တောင် လူတို့ဘောင်မှ စွန့်ခွါလျက် ရဟန်းမဝတ်ပြီး တရားအားထုတ်ပါလျှင် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်တွေကို ယောကျ်ားသားများနည်းတူ ရနိုင်၊ ရောက်နိုင်၊ မျက်မှောက်ပြုနိုင်ခွင့်များ ရှိပါ့မလား ဘုရား"

"ရနိုင်၊ ရောက်နိုင်၊ မျက်မှောက်ပြုနိုင်တာပေါ့ အာနန္ဒာ"လို့ မြတ်ဗုဒ္ဓက မိန့်တော်မူတော့ "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ အမျိုးသမီးတွေလည်း မဂ် ဖိုလ် နိဗ္ဗာန် ရနိုင် ရောက်နိုင် မျက်မှောက်ပြုခွင့်ရနိုင်တယ်ဆိုရင်. . . မယ်တော် မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရား၏ မိထွေးတော်ပါဘုရား။ အရှင်ဘုရားကို ဖွံ့ထွားကိုယ်လက်၊ ကိုယ်နေစည်ကားကြီးပွားခြင်းသို့ ရောက်အောင် စောင့်ရှောက်ပေးခဲ့တဲ့ မယ်တော်ကြီးပါဘုရား။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှ အစပြုကာ ရေမိုးချိုးပေး၊ အစားတွေကို ဝါး၍ ကျွေးမွေးခဲ့ရတဲ့ မယ်တော်ကြီးပါဘုရား။ အရှင်ဘုရား ၇-ရက်သားအရွယ် ဥမယ် စာမမြောက် အရွယ် မရောက်သေးသည့်အချိန်မှစ၍ အရွယ်တော်ရောက် လူလားမြောက်သည်အထိ နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရတဲ့ မယ်တော်ကြီးပါဘုရား"။

"ထို့ကြောင့်. . . ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မိထွေးတော်ကြီးအမှူးရှိသော သာကီအမျိုးကောင်းသမီးတို့အား ရဟန်းမ ဝတ်ခွင့် ပြုတော်မူပါဘုရား"လို့ သားတော်လေး အာနန္ဒာက လျှောက်ထားတော့ . . သားတော် မြတ်စွာဘုရားက "ဂရုဓမ်တရား ရှစ်ပါးကို လိုက်နာ ကျင့်သုံးနိုင်မယ်ဆိုရင်တော့ ရဟန်းမ ဝတ်ခွင့်ပေးမယ်"လို့ မိန့်တော်မူလိုက်မှ သားတော်လေး အာနန္ဒာလဲ စိတ်အေးချမ်းသာသွားပြီး အမေ့ဆီ ပြန်လာခဲ့တာပေါ့။ အမေနဲ့ ပါလာခဲ့တဲ့ သာကီမင်းသမီး ငါးရာတို့ကလဲ ဦးလည်မသုန် လေးစား လိုက်နာပါ့မယ်ဆိုလို့ ဘိက္ခုနီသာသနာတော်ကြီး ပေါ်ပေါက်လာတာ။

## အစဉ်တစိုက် ကြိုးစားလိုက်ကြစမ်းပါ

"အို. . . သားတော် သမီးတော်တို့၊ ဒီအချိန်ဟာ စိုးရိမ်ပူဆွေး ငိုကြွေးနေရမယ့်အချိန် မဟုတ်တော့ဘူး။

"ထီနံ အဒါသိ ပဗ္ဗဇ္ဇံ
သမ္ဗုဒ္ဓေါ ယာစိတော မယာ။
တသ္မာ ယထာဟံ နန္ဒိဿံ၊
တထာ တမနုတိဋ္ဌထ"။

ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ရခဲ့တဲ့ ဘိက္ခုနီသာသနာတော်ကြီးကို အမေလေ အရှည်ခံပြီး တည်တံ့ဖို့အတွက် အရမ်းအလိုရှိတယ်ကွယ်။ ဒါကြောင့် သားတော် သမီးတော်တို့ဟာ ဘိက္ခုနီသာသနာတော်ကြီးအတွက် ဆက်လက်ပြီး ဘိက္ခုနီသာသနာတော်ကြီး တိုးတက်စည်ပင်ပြန့်ပွားဖို့အတွက် အစဉ်တစိုက် ကြိုးစားလိုက်ကြစမ်းပါကွယ်-လို့ လမ်းဘေး ဝဲယာ တစ်ဖက်တစ်ချက်မှာရှိတဲ့ မိထွေးတော်ကြီးရဲ့ ဘဝခရီးကို နှုတ်ဆက်ကန်တော့ကြတဲ့ သားတော်သမီးတော်တွေကို နောက်ဆုံးတရားဟောရင်း. . . မိထွေးတော်ကြီးတို့ သားတော်ဗုဒ္ဓမြတ်စွာရှိရာ ကျောင်းတော်ဆီသို့ ဦးတည်လိုက်ကြတယ်။

မောင်ပညာ (မန်းတက္ကသိုလ်)

# ရာဟုလောဝါ ဆုံးမစာ

**ကာယကံဖြင့်မပြုလုပ်မီ**

မလုပ်ခင်မှာ၊ ဆင်ခြင်ပါ၊ တိုးတက်လမ်းစဉ် ရှိကြမှာ။
ကောင်းကျိုး မရှိ ထင်မြင်သိ၊ မလုပ်မိဖို့ရာ။
ကောင်းကျိုးသိမြင်၊ ဆင်ခြင်လျှင်၊ လုပ်ပင် လုပ်ရမှာ။

**ကာယကံဖြင့်ပြုလုပ်ဆဲ**

ပြုလုပ်ဆဲမှာ ဆင်ခြင်ပါ၊ အဟုတ်အမှန် ကြီးပွားမှာ။
မကောင်းဟုသိ၊ ထင်မြင်ဘိ၊ ဆက်ပြီး မလုပ်ရာ။
ကောင်းတာသိမြင်၊ ဆင်ခြင်လျှင်၊ ဆက်ပင်လုပ်ရမှာ။

**ကာယကံဖြင့်ပြုလုပ်ပြီး**

လုပ်ပြီးရာမှာ၊ ဆင်ခြင်ပါ၊ ထပ်ဆင့် အမှား နည်းကြမှာ။
လုပ်ပြီးမှာသာ၊ မကောင်းပါ၊ တိုင်ပင်ဆွေးနွေး ရှောင်ကြဉ်ရာ။
လုပ်ပြီးထင်ထင်၊ ကောင်းကျိုးမြင်၊ အမှန်ပင် ဝမ်းမြောက်ကြည်နူးပါ။

**ဝစီကံဖြင့်မပြောဆိုမီ**

မပြောခင်မှာ၊ ဆင်ခြင်ပါ၊ တိုးတက်လမ်းစဉ် ရှိကြမှာ။
ကောင်းကျိုး မရှိ ထင်မြင်သိ၊ မပြောမိဖို့ရာ။
ကောင်းကျိုးသိမြင်၊ ဆင်ခြင်လျှင်၊ ပြောပင် ပြောရမှာ။

**ဝစီကံဖြင့်ပြောဆိုဆဲ**

ပြောနေဆဲမှာ ဆင်ခြင်ပါ၊ အဟုတ်အမှန် ကြီးပွားမှာ။
မကောင်းဟုသိ၊ ဆင်ခြင်ဘိ၊ ဆက်ပြီး မပြောရာ။
ကောင်းတာသိမြင်၊ အမှန်ပင်၊ ဆက်ပင် ပြောရမှာ။

**ဝစီကံဖြင့် ပြောဆိုပြီး**

ပြောပြီးရာမှာ၊ ဆင်ခြင်ပါ၊ ထပ်ဆင့် အမှား နည်းကြမှာ။
ပြောပြီးမှာသာ၊ မကောင်းပါ၊ တိုင်ပင်ဆွေးနွေး ရှောင်ကြဉ်ရာ။
ပြောပြီးထင်ထင်၊ ကောင်းကျိုးမြင်၊ အမှန်ပင် ဝမ်းမြောက်ကြည်နူးပါ။

**မနောက်ဖြင့်မကြံမီ**

မကြံခင်မှာ၊ ဆင်ခြင်ပါ၊၊ တိုးတက်လမ်းစဉ် ရှိကြမှာ။
ကောင်းကျိုး မရှိ၊ ထင်မြင်သိ၊ မကြံမိဖို့ရာ။
ကောင်းကျိုးသိမြင်၊ ဆင်ခြင်လျှင်၊ ကြံပင် ကြံရမှာ။

**မနောက်ဖြင့်ကြံဆဲ**

ကြံနေဆဲမှာ ဆင်ခြင်ပါ၊၊ အဟုတ်အမှန် ကြီးပွားမှာ။
မကောင်းဟုသိ၊ ထင်မြင်ဘိ၊ ဆက်ပြီး မကြံရာ။
ကောင်းတာသိမြင်၊ အမှန်ပင်၊ ဆက်ပင် ကြံရမှာ။

**မနောက်ဖြင့်ကြံပြီး**

ကြံစည်ပြီးရာ၊ ဆင်ခြင်ပါ၊၊ ထပ်ဆင့် အမှား နည်းကြမှာ။
ကြံပြီးမှာသာ၊ မကောင်းပါ၊၊ တိုင်ပင်ဆွေးနွေး ရှောင်ကြဉ်ရာ။
ကြံပြီးထင်ထင်၊ ကောင်းကျိုးမြင်၊ အမှန်ပင် ဝမ်းမြောက်ကြည်နူးပါ။

ပြု,ပြော,တွေးလျှင်၊သတိယှဉ်ဟု၊
ရှင်ပင်ဗုဒ္ဓ၊သားပုတ္တအား၊သွန်ပြည့်သွန်ပြ၊ရာဟုလော၀ါ၊ဆုံးမစာကို၊
လက်ာပန်းကုံး၊ဖွဲ့နွဲ့ထုံးသည်၊ယူသုံးဘ၀၊လှစေသတည်း။

အမ္ဗလဋ္ဌိက ရာဟုလော၀ါဒသုတ္တန်ကို ရည်ညွှန်း ရေးဖွဲ့ပါသည်။

မောင်ပညာ (မန်းတက္ကသိုလ်)

မာတိကာသို့

# မောင်ကောင်းမြတ်သို့ ပေးစာ

ဒေါက်တာ အောင်ကြိုင်

တူမောင် မောင်ကောင်းမြတ်ရေ . . .

မင်း ပို့လိုက်တဲ့ ဓမ္မဒူတမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၁) ထဲက "အမှိုက်ပုံ" ဟူသောခေါင်းစဉ်တပ်ထားတဲ့ ဓမ္မဒူတအရှင်ကောသလ္လ (မုဒုံ)ရဲ့ ဆောင်းပါးမှာ- "ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော်ကြီး ဖြစ်လာမယ့် အလောင်းအလျာ ရဟန်းငယ် အရှင်ဉာဏိဿရဟာ အသက် ၃၀-ဆယ်ကျော်လောက်က စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော်ကြီးထံမှာ ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်လိုသင်ယူနေစဉ်က ညနေစောင်းရင် ဆရာတော်ကြီးက အညောင်းပြေလမ်းလျှောက်တဲ့အခါ အရှင်ဉာဏိဿရကိုယ်တော်လေးလည်း နောက်ကနေလိုက်ပါပြီး ကျက်မှတ်ထားတဲ့ စာများကို ဖြေကြားရပါတယ်။ တစ်ခုသော ညနေခင်း လမ်းလျှောက်ချိန်မှာ အရှင်ဉာဏိဿရက 'အာသီဝိသောပမသုတ္တန်ကို ကျက်မှတ်နေကြောင်း' လျှောက်ထားတော့ ဆရာတော်ကြီးက 'အေး. . မင်းက အထည်ကြီးကိုင်တယ်ဆိုရင် မင်း. . အထည်ကြီး ဖြစ်ဦးမှာဘဲ။ သေးနုတ်တဲ့ အတွေး ဦးခေါင်းထဲ မထည့်နဲ့။ မင်းတို့ ငါတို့ ခေါင်းတွေဟာ အမှိုက်ပုံ မဖြစ်သင့်ဘူး' လို့ ဆရာတော်ကြီးက အမိန့်ရှိခဲ့တယ်။ ပညာရှိကြီးများရဲ့ စကားဟာ တစ်သက်တာ မှတ်သားစရာတွေပါ"လို့ ဖတ်ရှုရပါတယ်။

ဒါနဲ့ ဦးဦးလဲ ဆရာတော်ကြီး အမိန့်ရှိတဲ့ အထည်ကြီးဆိုတာကို စိတ်ဝင်စားလို့ ကွန်ပျူတာဖွင့်ပြီး အင်တာနက်ကနေ အာသီဝိသောပမသုတ်ကို ရှာဖွေလေ့လာပြီး 'အထည်ကြီးဆိုတာ ဘယ်လိုလဲ' လို့ မင်းသိရအောင် ပြန်ပြောပြမယ်။ သေချာမှတ်သားစေချင်တယ် မောင်ကောင်းမြတ်ရေ။

တစ်ခါတုန်းက ဘုရင်တစ်ပါးဟာ ခိုးသူတွေဘေးရန်က ကာကွယ်ဖို့ အဆိပ်ပြင်းတဲ့ မြွေကြီးလေးကောင်ကို မွေးမြူထားသတဲ့။ အဲဒီ မြွေကြီးလေးကောင်အထဲက ပထမ မြွေကြီးက သစ်သားလို ပါးစပ်မျိုးရှိပြီး သူ့ရဲ့အဆိပ်က ကိုက်ခံရသူကို တစ်ခါတည်း သစ်ခြောက်သဏ္ဍာန် ခြောက်သွေ့ သွားစေသတဲ့။ ဒုတိယ မြွေကြီးက ပြည်ပုတ်လို ပုပ်စော်နံတဲ့ ပါစပ်မျိုးရှိပြီး သူ့ရဲ့အဆိပ်က အကိုက်ခံရသူကို တစ်ခါတည်း တစ်ကိုယ်လုံး ပုပ်ပွဆွေးမြေ့ပြီး အမှည့်လွန် ပုတ်သိုးတဲ့ သစ်သီးက အရည်တွေထွက်သလို ပုပ်ပွဆွေးမြေ့ သွားစေသတဲ့။ တတိယမြွေကြီးက မီးတောက်မီးလျှံလို အပူမျိုးရှိပြီး သူ့ရဲ့အဆိပ်က အကိုက်ခံရတဲ့သူကို တစ်ခါတည်း ပြာကျသွားစေသတဲ့။ စတုတ္ထ မြွေကြီးကတော့ ခါးသွားလိုထက်တဲ့ ပါးစပ်မျိုးရှိပြီး သူ့ရဲ့အဆိပ်က အကိုက်ခံရတဲ့သူကို မိုးကြိုးပစ်ခံလိုက်ရတဲ့ တိုင်လို တစ်ခါတည်း ယိမ်းယိုင်ပျက်စီးသွားစေသတဲ့။

အဲဒီမြွေကြီးလေးကောင် အကိုက်မခံရအောင်၊ စိတ်မဆိုးအောင် မြွေတွေကို ထိန်းကျောင်းကြည့်ရှုတဲ့သူဟာ အချိန်မှန်မှန် မ,တင်ပေးရတယ်၊ အချိန်မှန်မှန်လဲ ရေချိုးပေးရတယ်၊ အစာကျွေးရတယ်၊ အနားယူစေရတယ်။ အဲဒီလို လုပ်မပေးရင် တစ်ကောင်ကောင်က အခန့်မသင့်လို့ ကိုက်လိုက်ရင် အကိုက်ခံရသူဟာ ပျက်စီးသွားပါတယ်။

အဲဒီမြွေကြီးလေးကောင်ကို ထိန်းသိမ်းရတဲ့ လူတစ်ဦးဟာ မြွေကြီးလေးကောင်ကို ကြောက်လန့်လို့ ထွက်ပြေးသတဲ့။ ဒီလိုထွက်ပြေးတော့ သူ့ကိုသတ်ဖို့ သူ့နောက်ကို ရန်သူငါးယောက် လိုက်လာပါတယ်။ အဲဒီအပြင် နောက်တယောက်ကလည်း မိတ်ဆွေယောင်ဆောင်ပြီး လစ်ရင် သတ်မယ်ဆိုတဲ့အကြံနဲ့ လိုက်နေသတဲ့။ အဲဒီသူဟာ ထွက်ပြေးလာလိုက်တာ ရွာတစ်ရွာကို ရောက်လာပါရောတဲ့။ အဲဒီသူလဲ ရွာတော့ တွေ့ပြီဆိုပြီး ဝမ်းသာအားရနဲ့ ဝင်လိုက်တာ လူကောင်းသူကောင်း တစ်ယောက်မှ မတွေ့ရဘဲ လူသတ်ခါးပြ ခိုးသားတွေဘဲ တွေ့သတဲ့။ အဲဒီသူခိုး



မာတိကာသို့

တွေကလဲ သတ်ဖြတ်မယ်လုပ်တော့ ကြောက်လန့် တကြားနဲ့ ဆက်လက်ထွက်ပြေးလာလိုက်တာ ရေပြင် ကျယ်ကြီးကို တွေ့ပါလေရောတဲ့။ အဲဒီရေပြင်ကျယ် ကြီးမှ ဖြတ်ကူးမပြေးရင် နောက်က ရန်သူတွေ သူခိုး ဓားပြတွေ ဘေးကလွတ်မှာ မဟုတ်ဘူးလေ။ ကူးစရာ လှေသင်္ဘောကလဲ မရှိဘူး။ ဒီတော့ တဖက်ကမ်း ရောက်ရင် ပြီးတာဘဲ၊ ရေထဲမှာ ခက်ခက်ခဲခဲနဲ့ ကူးချင် ကူးရပစေဆိုပြီး တွေ့ရသမျှ သစ်ကိုင်း၊ သစ်ခက်၊ သစ် ရွက်၊ မြက်ပင်တွေ၊ သစ်သားတွေနဲ့ ဖောင်ဖွဲ့ပြီး ခြေ တွေ လက်တွေကို လှော်တက်အဖြစ်အသုံးပြုပြီး ကူး သွားလိုက်တာ ရန်သူလူသတ်သမားတွေ ဘေးမှ လွတ် ကင်းတဲ့ တစ်ဖက်ကမ်းကို ရောက်ရှိပြီး ချမ်းသာရာ ရသွားသတဲ့။

မောင်ကောင်းမြတ်ရေ အခု ပြောပြတာလေး ကို မင်းအနည်းငယ်တော့ ရိပ်မိလောက်ပါတယ်။ ပြန်ရှင်းပြမယ်။ မြတ်ဗုဒ္ဓဟောတော်မူတဲ့ အဲဒီဥပမာက တို့ သတ္တဝါတွေနဲ့ နှိုင်းခိုင်းပြီး ဟောထားတာလေ။ အဲဒီ ဥပမာမှာ-မြွေကြီးလေးကောင် ဆိုတာက-သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော- ဆိုတဲ့ ဓာတ်ကြီးတွေပေါ့။ အဲဒီဓာတ်လေးပါး ညီနေ သမျှတော့ အဲဒီပုဂ္ဂိုလ်ဟာ ကျန်းမာနေမှာပေါ့။ ဓာတ် လေးပါးထဲက တစ်ပါးပါး ချို့တဲ့ပြီဆိုရင်တော့ ရောဂါ ဝေဒနာခံစားရပြီသာမှတ်ပေတော့။

နောက် လိုက်သတ်နေတဲ့ ရန်သူငါးယောက် ဆိုတာက- စွဲလန်းတပ်မက်ရာ ဥပါဒါန်တရားတွေရဲ့ အာရုံ၊ ဥပါဒါန်တရားတွေရဲ့တည်ရာဖြစ်တဲ့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏ- က္ခန္ဓာတွေပေါ့။ ဒီခန္ဓာရှိသရွေ့ ရန်သူတွေ ရှိနေတယ် လို့ ဟောကြားတာပါ။ နောက် မိတ်ဆွေယောင် ဆောင်ထားတဲ့ လူသတ်သမားဆိုတာက- မင်းတို့ ငါတို့ ရဲ့ သန္တာန်မှာရှိနေတဲ့ မြင်ရာ,ကြားရာ အစရှိတဲ့ အာရုံ တွေကိုတွေ့တိုင်း လိုချင်တပ်မက်တတ်တဲ့ နန္ဒီရာဂလို့ ခေါ်တဲ့တရားပေါ့။ အဲဒီတရားကြောင့် တို့တစ်တွေဟာ ဘဝအမှောင်ထဲ လမ်းပျောက်ပြီး တစ်ဝဲလည်လည် ဖြစ်နေကြရတာ-လို့ ဗုဒ္ဓဟောကြားတော်မူခဲ့တယ်။ သဘာဝအားဖြင့် စဉ်းစားကြည့်မယ်ဆိုရင်လဲ- လိုချင်မှု ရှိနေရင် အဲဒီအတွက် ပင်ပန်းကြရတာဘဲ မဟုတ်လား။ အဲဒါကြောင့် ဒီမိတ်ဆွေတု လူသတ်သမားကို ဗုဒ္ဓက သတိနဲ့ စောင့်ကြည့်ရမယ်၊ ထိန်းသိမ်းရမယ်လို့ ဟော တော်မူခဲ့တာပေါ့။

နောက်တစ်ခါ လူကောင်းသူကောင်းမရှိတဲ့ ရွာပျက်ကြီးဆိုတာက - မင်းတို့ငါတို့ရဲ့ သန္တာန်မှာရှိတဲ့ အတွင်းအာယတနလို့ဆိုတဲ့ အာရုံတွေရဲ့တည်ရာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်-တို့ဘဲ ဖြစ်တယ်။ အဲဒီမှာခိုအောင်းနေတဲ့ သူခိုးဓားပြ လူသတ်သမားတွေ ဆိုတာကတော့ အပြင်အာယတနလို့ဆိုတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ တွေးစရာတို့ ဖြစ်တယ်။ အဲဒီတရားတွေကို မထိန်းချုပ်နိုင်ရင် ရွာ ပျက်ကြီးထဲမှာ လူသတ်သမားတွေရဲ့ လက်ချက်နဲ့ သေဆုံးခြင်းဆိုတဲ့ ဒုက္ခ ခံစားရမှာပေါ့ကွယ်။

အဲဒီနောက်မှာ တွေ့ရှိရတဲ့ အပြောကျယ်တဲ့ ပင်လယ်ကြီးဆိုတာက- ကာမောဃဆိုတဲ့ ကာမဂုဏ် ပင်လယ်၊ ဘဝဆိုတဲ့ပင်လယ်၊ အမြင်မှားမှုဆိုတဲ့ ဒိဋ္ဌိ ပင်လယ်၊ မသိမှုဆိုတဲ့ အဝိဇ္ဇာပင်လယ်ကြီးတွေပေါ့။ အဲဒီပင်လယ်တွေကို ကျော်ဖြတ်ကူးမြောက်ဘို့ကတော့ လှေဖောင်စီးပြီး ထွက်ပြေးရမှာပေါ့ကွယ်။ အဲဒီလို ကူးမြောက်ဘို့အတွက် အနီးမှာရှိတဲ့ သစ်ရွက် သစ်ခက် စတဲ့အရာတွေဆိုတာက - မဂ္ဂင်ရှစ်ပါး တရားတွေပေါ့။ မဂ္ဂင်ဖောင်စီးပြီး ထွက်ပြေးမယ်ဆိုရင်တော့ ဟိုဘက် ကမ်းဆိုတဲ့ နိဗ္ဗာန်ကို ရောက်ရှိသွားမှာပေါ့ကွယ်။ ဒါကတော့ ဘုရားရှင်က ဥပမာနဲ့ ဘဝငြိမ်းချမ်းဘို့ ဟောခဲ့တဲ့ အာသီဝိသောပမသုတ္တန်ရဲ့ ဆိုလိုရင်းပေါ့။

ကဲ မောင်ကောင်းမြတ်ရေ. . မင်းလဲ ဒီသုတ္တန် ကို သိမှတ်ရသွားပြီ။ မဂ္ဂင်ဖောင်ကြီးနှင့် တစ်ဖက်ကမ်း ရောက်အောင် ကူးခတ်နိုင်ပါစေလို့ ဦးဦးက ဆန္ဒပြု လိုက်ပါတယ်ကွယ်။

ဦးဦး
ဒေါက်တာ အောင်ကြိုင်

# ကမ္ဘာ့အေးတရား

ခင်သက်တင် (ပညာရေး)

ကမ္ဘာကြီးအေးချမ်းသာယာအောင် အဘယ်တရားတို့ကို ကျင့်ဆောင်ရမည်နည်း၊ ဘယ်သို့သောတရားမျိုးက အေးချမ်းအောင် စွမ်းဆောင်နိုင်ပါသနည်း၊ အဘယ်တရားတို့ကို ကမ္ဘာအေးတရားဟု ခေါ်ဆိုပါသနည်း။ လေ့လာသုံးသပ် စဉ်းစားကြည့်ရအောင်။ တစ်ကမ္ဘာလုံးကိုပင် အေးစေနိုင်သော တရားမှာ တော်ရုံတန်ရုံ အစွမ်းထက်သော တရားမျိုးတော့ မဖြစ်နိုင်ပါ။ ထိုတရားတော်ကား သုံးလောကထွတ်ထား ရှင်တော်ဘုရားဟောကြားတော်မူခဲ့သည့် ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်တို့ အမြဲမပြတ်ပွားများနေအပ်သည့် စတုရာရက္ခခေါ် ကိုယ်စောင့်တရားလေးပါးတွင်ပါဝင်သည့် တရားတစ်ပါး ဦးစီးတဲ့တရားတော်ပါ။ ဦးစီးသည့်တရားအမည်ကတော့ ကမ္ဘာအေးတရားဟု ဆိုသည်ကတည်းက နာမည်ကိုတော့ မှန်းဆနိုင်ပါပြီ။ သတ္တဝါတို့ကို အေးချမ်းစေတဲ့တရားဆိုတော့ မေတ္တာတရားပါဝင်တဲ့ တရားတော်ဖြစ်ပါတယ်။ မေတ္တာတရားပါဝင်တဲ့ ကမ္ဘာအေးတရားကို ကိုယ်စီကျင့်သုံးပါက တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ ကိုသာမက ကမ္ဘာကြီးကိုပါ အေးချမ်းစေမှာဖြစ်ပါတယ်။ ထိုတရားသည် သတ္တဝါတို့ကို အေးချမ်းစေသည်ဟု ကျွန်မတို့ သိရှိထားသော်လည်း အပြည့်အဝ မကျင့်သုံးနိုင်သေးပါ။ ကျင့်ကြံနိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ကမ္ဘာအေးတရားရဲ့ အေးချမ်းပုံကို ကျွန်မတို့ ထင်မြင်သိရှိသမျှလောက်လေး လေ့လာကြည့်ကြပါဦးစို့။ ရှေ့ဦးစွာ မေတ္တာတရားကို လေ့လာကြည့်မယ်။ လူနှစ်ဦး ပြောဆိုဆက်ဆံရာတွင် စတင်ပြောဆိုသူက မေတ္တာနဲ့ အေးချမ်းစွာ ပြောဆိုပါက နောက်တစ်ဦးသည် မည်မျှကြမ်းတမ်းသည် ဆိုစေဦး နူးညံ့သွားမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် လူတစ်ယောက် ပြုံးရွှင်သော မျက်နှာထားနှင့် နေကောင်းပါသလား၊ အစစအရာရာ အဆင်ပြေပါသလား၊ ဘာများ အကူအညီပေးရပါမလဲ-ဟူ၍ မေးလာခဲ့သော် သင်က ဒေါသဖြင့် တုန့်ပြန်ပါမည်လား၊ စိတ်နှလုံး ကြည်သာစွာဖြင့် ပြန်လည် ဖြေကြားပါမည်လား-ဟူ၍ တွေးကြည့်လိုက်ပါ။ သေချာသည်မှာ - သူသူ ငါငါ၊ မိန်းမယောကျ်ား ကြီးကြီး ငယ်ငယ်၊ ရွယ်ရွယ်လတ်လတ် မည်သူမဆို စိတ်ပျော်ရွှင်အေးချမ်းစွာဖြင့် ပြန်လည် ပြောဆိုဖြေကြားမည်ကို လူတိုင်းလက်ခံ ယုံကြည်ပါတယ်။ သူတစ်ပါးအား ချမ်းသာစေလိုသောစိတ်ကို မေတ္တာစိတ်ဟု ခေါ်ပါတယ်။ မိမိအကျိုးလိုလားသောသူကို လူကောင်းမဆိုထားနှင့် လူဆိုးပင်လျှင် တန်ပြန်မေတ္တာစိတ် ထားမည်မှာ သေချာပါတယ်။ ပုထုဇဉ်သတ္တဝါဆိုသည်ကလည်း အခက်သား၊ မာန်မာနဘဝင်တို့ အရိုးစွဲနေကြတော့ စတင်ပြောဆိုလာသူက အာဏာပါဝါတွေ ကိုင်စွဲလျက် ပြောဆိုလာလျှင်တော့ ကောင်းကျိုးဖြစ်စေတဲ့ စကား ဖြစ်စေဦးတော့ အဲဒီစကားကို ကောင်းမွန်စွာ တုန့်ပြန်မည် မဟုတ်ပါ။

ကျွန်မ ကြားနာခဲ့ဘူးသောတရားတစ်ပုဒ်တွင် လူနှစ်ဦး မေတ္တာပျက် စိတ်ဆိုးကြခြင်း၏ အရင်းခံအကြောင်းအများစုမှာ စကားများ ရန်ဖြစ်ခြင်း ဖြစ်၏။ ထို့ကြောင့် နှုတ်ထွက်စကားကို ဆင်ခြင်သတိထားရန် အလွန်အရေးကြီးကြောင်း ဟောထားပါသည်။ အကျိုးရှိသောစကားဖြစ်စေကာမူ 'မပြောတတ်တော့ ဆဲသလို' ဆိုတာမျိုး မဖြစ်ဖို့ရန်လိုပါတယ်။ ဒေါသဖြင့် ပြောဆိုလျှင် ရုန့်ရင်းကြမ်းတမ်းသော စကားမျိုး ထွက်တတ်ပါတယ်။ တစ်ဖက်သားမှာ အခံရခက်ပြီး ရန်ဖြစ်တတ်ပါတယ်။ မေတ္တာအခြေခံသောစိတ်ဖြင့် ဆွေးနွေးအကြံပေးလို့ ပြောဆိုရပါမယ်။ အဲဒါကြောင့် မေတ္တာအခြေခံပြီး ပြောသင့်သောစကား၊ အကျိုးရှိသော



မာတိကာသို့

စကားကို နှစ်ဦးနှစ်ဘက် ပြေပြေလည်လည် ပြောဆိုရမယ်၊ ပြောဆိုရာတွင်လည်း စိတ်ကြည်ကြည်လင်လင်နှင့် နှစ်ဦးနှစ်ဘက် စိတ်ကြည်လင်နေသောအခါမျိုး၌ အခြေအနေ အချိန်အခါကို ကြည့်ပြီး ပြောဆိုရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးများသည် သတ္တဝါအများချမ်းသာစေလိုသောစိတ်ထားဖြင့် မေတ္တာပို့ခြင်း မေတ္တာပွားများခြင်းများကို အမြဲတစေ ပြုလုပ်ဆောင်ရွက်လေ့ရှိပါတယ်။ မြတ်စွာဘုရားရှင်ကလည်း မေတ္တာပွားများပုံကို ဟောကြားထားတော်မူလျက် သတ္တဝါအားလုံးကို အသမ္ဘာဓ- ရင်ဝယ်သား အခြားမရှိ ကျောသားရင်သား မခွဲခြားဘဲ မေတ္တာပို့စေတယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု ဆိုသည်မှာ မေတ္တာပို့ခြင်း၊ မေတ္တာပွားများခြင်းပင် ဖြစ်ပါတယ်။ မေတ္တာပို့ခြင်းကို လူနတ်သတ္တဝါတို့ နှစ်သက်ကြပါတယ်။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါတိုင်းသည် ချမ်းသာမှုကို လိုလားတောင့်တကြ၍ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း မေတ္တာပွားသူ၊ မေတ္တာပို့သူကို လူ နတ် ပြဟ္မာ သတ္တဝါအားလုံးက ချစ်ခင်ကြပါတယ်။

မေတ္တာတရား၏ ဦးတည်မှုသည် သတ္တဝါများ၏ အကျိုးကိုသာ ဖြစ်ထွန်းစေခြင်း၊ အကျိုးမဲ့သော အကြောင်းအခြင်းအရာကိုမူ မဖြစ်စေလိုခြင်း၊ သတ္တဝါတွေရဲ့ ကောင်းကျိုးကိုသာလုပ်ဆောင်ခြင်း၊ ဆင်းရဲအကျိုးကိုမူကား ရှောင်လွှဲခြင်းတို့ ဖြစ်ပါတယ်။ ထို့အပြင် မေတ္တာသည် ထာဝရအေးချမ်းသော သဘောရှိပြီး ပူလောင်မှုကင်းပါတယ်။ ထို့ကြောင့်ပင်လျှင် မေတ္တာစမ်းရေဥပမာဟူသောအဖွဲ့အနွဲ့မျိုး စာပေတွင် သုံးစွဲလေ့ရှိကြပါတယ်။ မေတ္တာစိတ်ကိန်းသူသည် ဘေးပတ်ဝန်းကျင်ရှိ လူများအပေါ် အစဉ်အမြဲ ချစ်ခင်နှစ်မြို့လိုသောစိတ်သာရှိပြီး မုန်းတီးလိုစိတ် ဘယ်အခါမှမဖြစ်ပေါ်ပေ။ မေတ္တာရဲ့ သဘာဝက သိမ်မွေ့လေ့ရှိပြီး ကြမ်းတမ်းသောသဘောမျိုး ဘယ်အခါမျှ မဖြစ်ပေါ်တတ်ပေ။ ထို့အပြင် မေတ္တာသည် ညိုးနွမ်းသောသဘော မရှိ၊ အမြဲ လန်းဆန်းသောသဘောရှိပါတယ်။ ပန်းမာလ် ဥပမာနှင့်ပင် တင်စားကြပါတယ်။ မေတ္တာရဲ့သဘောက အကောင်းမြင်ဝါဒကိုသာ အစဉ်ဖြစ်စေတတ်ပြီး အဆိုးကိုကား မြင်လေ့မရှိပါ။ ထို့အပြင် အမြဲခွင့်လွှတ်တတ်ပြီး လွှမ်းမိုးချုပ်ခြယ်လိုသော ဆန္ဒလည်း မရှိပါ။ မေတ္တာရဲ့သဘောက တစ်ဖက်သားအပေါ် လေးစားတတ်ပြီး စော်ကားမော်ကား ပြုရိုးထုံးစံ မရှိပါ။ မေတ္တာရှင်သည် ရယူပိုင်ဆိုင်လိုစိတ် မရှိ၊ အမြဲ ပေးဆပ်လိုတဲ့ သဘောရှိပါတယ်။ ဒါကြောင့် မေတ္တာဟာ လွတ်လပ်ပြီး တရားမျှတသောသဘောကို ဆောင်ပါတယ်။ မေတ္တာရဲ့သဘောများကို စေ့စေ့စပ်စပ် ဆင်ခြင်လိုက်လျှင်ပင် အေးချမ်းသည့် ခံစားမှု၊ နှစ်သက်ဝမ်းမြောက်မှုများ ဖြစ်ပေါ် ခံစားရမှာ ဖြစ်ပါတယ်။ ပွားများလိုက်လျှင်မူကား ပြောဖွယ်ရာမရှိ၊ အကြောပေါင်းတစ်ထောင် စိမ့်လုအောင်ပင် အေးချမ်းမှာ ဖြစ်ပါတယ်၊ ရန်ခပင်း အောင်မြင်ပြီး အေးချမ်းမှု အပြည့်အဝ ရရှိမှာဖြစ်ကြောင်း ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။ ကျွန်မတို့ လက်တွေ့လုပ်ဆောင်ကြရန်သာ လိုပါတယ်။

ကျမတို့၏ ကမ္ဘာကြီး အေးချမ်းသာယာစေရန် ကျမတို့၏သန္တာန်ထဲမှာ မေတ္တာစိတ် ဖြစ်ပွားလာအောင် လေ့ကျင့်ယူရမှာ ဖြစ်တယ်။ ထိုသို့ လေ့ကျင့် ရယူလျှင် ရှေးဦးစွာ ကျမတို့ကိုယ်တိုင် စိတ်ချမ်းသာ နေမှာ ဖြစ်တယ်။ ထိုအခါမျိုးမှာ မိမိစိတ်ဟာ သတ္တဝါ အများကို ထိခိုက်နစ်နာစေလိုသော ဆန္ဒမျိုးလည်း မဖြစ်ပေါ်တော့ပဲ မေတ္တာစိတ်ကလေးဖြင့် နေတတ်သွားပါလိမ့်မယ်။

ကျမတို့ဟာ မေတ္တာနှင့် ချစ်ခြင်းဆိုသည့် ရာဂကိုလည်း ခွဲခြားသိဖို့လိုပါတယ်။ မေတ္တာရဲ့သဘောက အေးမြတယ်၊ ချမ်းသာတယ်၊ နူးညံ့သိမ်မွေ့တယ်၊ ခွင့်လွှတ်တတ်တယ်၊ ညီတွယ်ခြင်းကင်းတယ်၊ နှောင်ကြိုးမဲ့တယ်၊ အနစ်နာခံတယ်၊ အပြုသဘောကို ဆောင်တယ်။ ရာဂဆိုတဲ့ အချစ်ကတော့ ပူလောင်တယ်၊ ချုပ်ခြယ်တတ်တယ်၊ ငြိတွယ်တတ်တယ်၊ ဒါ့အပြင်


မာတိကာသို့

အပျက်သဘောလည်း ရှိတယ်။ မိဘမှ သားသမီး အပေါ်ထားသော ချစ်စိတ်ပင်လျှင် ငြီးငွေ့တတ်သော သဘော၊ ပျက်စီးခြင်းဖြစ်လေ့ရှိတတ်သောသဘောကို တွေ့နိုင်ပါတယ်။ မိမိတို့စကား နားထောင်သော သားသမီးများဆိုလျှင် မျက်စိရှေ့မှအပျောက်မခံနိုင်၊ တို့ သားသမီးလေး တော်လှ တော်လှဟု ကြွေးကြော် တတ်သလို မိမိတို့အလိုရှိသလို ပုံစံမျိုး မဖြစ်လာခဲ့လျှင် သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း၊ အမွေပြတ်ကြေညာ ခြင်းတို့ကို ပြုလုပ်တတ်ကြပါတယ်။ အဲဒီအကြောင်းတွေ ကြောင့် ချစ်ခြင်းဆိုတဲ့ ရာဂဟာ ငြီးငွေ့တတ်၊ အပျက် သဘောဆောင်တယ်ဟုဆိုရပါတယ်။ ဒါ့ကြောင့် သားသမီးများကိုပင် ထာဝရအေးမြသော မေတ္တာဖြင့် မေတ္တာထားကြဖို့ လိုပါတယ်။ "သတ္တဝါ အားလုံးအပေါ် တူညီသော မေတ္တာထားနိုင်ခဲ့လျှင်ကား အကျိုးကြီးမား လှပေသည်"ဟု ရှင်တော်ဘုရားမှ ဟောကြားတော်မူခဲ့ ပါတယ်။ မေတ္တာစစ်ဖြင့် မေတ္တာပွားများကြဖို့ လိုပါ တယ်။ စက္ကန့်ပိုင်းမျှ၊ နို့တစ်ညှစ်စာ အချိန်ကလေးမျှ တစ်နေ့မှာ သုံးကြိမ်သုံးခါ မေတ္တာပွားလျှင်ပင် အိုးကြီး တစ်ရာနဲ့ တစ်နေ့ သုံးကြိမ်သုံးခါ ချက်ပြုတ် ကျွေးမွေး ခြင်းထက် အကျိုးကြီးမားတယ်လို့ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါတယ်။

အကျိုးကြီးမားသော မေတ္တာစိတ်၏ ဆန့်ကျင် ဘက်မှာ ဒေါသဖြစ်ပါတယ်။ ဒေါသတရားသည် ကောင်းကျိုးပေးသောတရား မဟုတ်၊ ဆိုးကျိုးပေး သောတရားသာလျှင် ဖြစ်ပါတယ်။ ဒေါသတရား၏ ဆိုးကျိုးပေးပုံကို "ကောဓော အတ္ထံ န ဇာနာတိ၊ ကောဓော ဓမ္မံ န ပဿတိ။ သဒါ အန္ဓတမံ ဟောတိ၊ ယံ ကောဓော သဟတေ နရံ-ဟု ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ဆိုလိုရင်းမှာ- ဒေါသ အမျက်ထွက်သူသည် အဆင်ခြင်ဉာဏ်ကင်းမဲ့သဖြင့် မပြုသင့်၊ မဆိုသင့်၊ မလုပ်သင့်သော ဒုစရိုက်မှုကို ပြုလုပ်သဖြင့် အပါယ်ငရဲ၌ ခံစားရလေသည်ဟု ဆိုလို ပါတယ်။ ထို့ကြောင့် မေတ္တာစိတ်ကို ပျက်ပြားစေသော ဒေါသစိတ် မဖြစ်ရန် သတိထားကြရပါ့မယ်။ ဒေါသကို အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မှသာ ပယ်နိုင်မှာ ဖြစ်သဖြင့် ကျွမတို့လို သာမန်ပုထုဇဉ်များအနေဖြင့် ဒေါသမထား နှင့်ဆိုသော် မည်သို့မျှ ရနိုင်မည်မဟုတ်၊ ဒေါသတရား ကား ရှိနေမည်သာ ဖြစ်ပါတယ်။ သို့သော်လည်း မျိုးစေ့အနုသယအနေဖြင့် ငုတ်မြုပ်နေသောဒေါသ၊ အခါအခွင့်သင့်က ထွက်ပေါ်လာသောဒေါသကို မထိန်းနိုင်သော်လည်း လွန်ကျူးမှုဟူသော ဒေါသကို ကား ထိန်းနိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဘယ်နည်းဖြင့် ထိန်းမလဲဆိုတော့ မေတ္တာပွားခြင်းဖြင့် ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဝိပဿနာ ဘာဝနာပွားခြင်းဖြင့်လည်း ထိန်းနိုင်ပါတယ်။ ဒေါသ၏ အပြစ်တို့ကို ဆင်ခြင်ခြင်းဖြင့်လည်း ဒေါသအမျက် အပြင်သို့ထွက်လာမှုကို ဆင်ခြင်နိုင်ပါတယ်။ ဒေါသ ကြောင့် မပြုလုပ်သင့်၊ မပြုလုပ်ထိုက်သည်တို့ကို ပြုလုပ် မိသဖြင့် ဖြစ်ပေါ်လာသောအကျိုးဆက်များ၏ သာဓကများစွာကား လောကမျက်မြင်ရှိနေကြသည်ကို တွေ့မြင်နိုင်ပါတယ်။ ဒေါသအမျက်ထွက်မှုအား ထိန်း ချုပ်နိုင်ခြင်းကို သည်းခံခြင်းဟုဆိုရာ ထိုသည်းခံခြင်း၏ အကျိုးများကို ရှင်တော်ဘုရားက ဟောတော်မူခဲ့ပါ တယ်။ သည်းခံခြင်းနှင့်ပတ်သက်၍ ရှင်တော်ဘုရား က "ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ" အစရှိသည်ဖြင့် "သည်းခံခြင်းသည် နိဗ္ဗာန်တိုင် အောင် ရောက်ရှိနိုင်သော အမြတ်ဆုံးသော အကျင့် ဖြစ်ကြောင်း" ဟောတော်မူခဲ့ပါတယ်။

မေတ္တာစိတ်ရှိသူဟာ သတ္တဝါတို့ ဆင်းရဲဒုက္ခ ရောက်နေလျှင် ထိုသူအား ဆင်းရဲဒုက္ခမှ လွတ်မြောက် စေလိုသော သနားစိတ်သည်လည်း ဖြစ်ပေါ်ပါတယ်။ ထိုသနားခြင်းကို ကရုဏာဟု ဆိုပါတယ်။ ဆင်းရဲဒုက္ခ ရောက်နေသူအပေါ် သနားကြင်နာခြင်း ကရုဏာ တရားထားလျက် ထိုဆင်းရဲမှ လွတ်မြောက်အောင် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးခြင်းဟာ ကရုဏာ၏သဘော ဖြစ်ပါတယ်။ ဆင်းရဲဒုက္ခ



မာတိကာသို့

အကူအညီလိုနေသူအား ရင်ဆိုင်တွေ့ကြုံနေရတဲ့အခါ မိမိကလည်း တတ်နိုင်ပါလျှင် 'မျက်နှာလွှဲ ခဲပစ်' မလုပ်ဘဲ ကူညီဆောင်ရွက်ပေးသောသူဟာ ကရုဏာရှင်သာ ဖြစ်တယ်။ အဲဒီလို စိတ်ထားမျိုး ကျမတို့ သန္တာန်မှာ ရှိနေဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လောကမှာ ဆင်းရဲဒုက္ခရောက်သူ ရှိသလို ချမ်းသာသူ၊ အဆင်ပြေနေသူလည်းရှိရာ အဲဒီ ချမ်းသာသူ၊ အဆင်ပြေနေသူကို တွေ့မြင်လျှင် ကျေနပ်မှု၊ ဝမ်းမြောက်မှုဝမ်းသာမှုလည်း ဖြစ်ကြရမယ်။ ကျေနပ်ဝမ်းမြောက်မှုကို မုဒိတာလို့ ဆိုပါတယ်။ အဆင်ပြေနေသူကိုတွေ့ပြီး ဝမ်းမြောက်ခြင်းမဖြစ်လျှင် မနာလို ဝန်တိုခြင်း၊ ငြူစူခြင်း ဖြစ်တတ်ပါတယ်။ မနာလိုဝန်တို ငြူစူစောင်းမြောင်းခဲ့လျှင် အဲဒီမှတဆင့် ဒေါသတရားများ ဖြစ်ပေါ်နိုင်ပါတယ်။ ဒါ့ကြောင့် ဒေါသရှေ့ပြေး မနာလိုမှု မဖြစ်စေဖို့ မုဒိတာစိတ် ဖြစ်ပွားကြရမှာ ဖြစ်ပါတယ်။

သတ္တဝါတို့ ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ဟာ "ဘယ်သူမပြု မိမိမှု" ဆိုသည့်အတိုင်း ကိုယ်ပြုသည့် ကံအတိုင်း ဖြစ်နေကြရာ ထိုသဘောကိုဆင်ခြင်ခြင်းဖြင့် ဆင်းရဲချမ်းသာ သတ္တဝါတို့အပေါ် ပြုမှုဆက်ဆံ သဘောလည်းထားရမှာ ဖြစ်တယ်။ ထိုသဘောကို ဥပေက္ခာလို့ ဆိုပါသည်။ ဆင်းရဲသူကို တွေ့လျှင် ကူညီနိုင်သရွေ့ ကူညီ၊ မတတ်နိုင်လျှင် ကံအတိုင်းသာဟု သဘောထား၍လည်းကောင်း၊ ချမ်းသာသူကို တွေ့သော် အော်. . သူ့ကံအကျိုး ကြီးမားပါပေ၏-ဟုလည်းကောင်း ကံ၊ ကံတို့၏အကျိုးသဘောကို ဆင်ခြင်လျက်သာ နေထိုင်ရမယ်။ ဆင်းရဲသူကိုတွေ့၍ သောကဖြစ်လျှင် မိမိအတွက် အကုသိုလ်သာ၊ ချမ်းသာသူကိုတွေ့၍ တပ်မက်မှုလောဘဖြစ်သော် အကုသိုလ်သာဖြစ်သဖြင့် ထိုတရားတို့၏ နောက်ဆက်တွဲကတော့ မငြိမ်းချမ်းသော သဘောသို့သာ ဆောင်နေပါတယ်။ ဒါ့ကြောင့် ဥပေက္ခာတရား ပွားများနိုင်ဖို့လည်း ကြိုးစားကြရမှာ ဖြစ်ပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးကို မြတ်သောအကျင့်ဖြင့် နေခြင်း၊ ဗြဟ္မာတို့ကဲ့သို့ နေခြင်းဟူသော ဗြဟ္မဝိဟာရတရားလေးပါးဟုလည်း ခေါ်ပါတယ်။ ဗြဟ္မစိုရ်တရားလေးပါးသည် မြတ်သောတရားဖြစ်၍ ထိုတရားများ လက်ကိုင်ထားက မြတ်သော သူတော်ကောင်းတို့၏ အကျင့်ကို ကျင့်သုံးနေသည်သာ ဖြစ်ပါတယ်။ ကိုယ်စီ ထိုတရားများကို ကျင့်သုံးနေထိုင်ပါက ကြီးမားသော အကျိုးကို အမှန်တကယ် ရရှိခံစားရမှာ ဖြစ်တယ်။

အဲဒါကြောင့် ကျမတို့ဟာ ကမ္ဘာအေးတရား လက်ကိုင်ထားလျက် တစ်ဦးအပေါ် တစ်ဦး တတ်အား သရွေ့ကူညီယိုင်းပင်း၊ ဒေါသကင်းစင် ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ စည်းစည်းလုံးလုံး နေထိုင်ကြမည်ဆိုလျှင် ကျမတို့ မှီတင်းနေထိုင်သော ကမ္ဘာကြီးသည် အေးချမ်းသာယာစိုပြေနေမည်မှာ သေချာပါတယ်။ ကမ္ဘာကြီးကို အေးစေနိုင်သော ဗြဟ္မစိုရ်တရားလေးပါး စွဲကိုင်ကျင့်သုံးခြင်းအားဖြင့် ကမ္ဘာကြီးအေးချမ်းအောင် 'ကြိုးစားဆောင်ရွက်ကြပါစို့'ဟု ကြားနာဖူးသမျှ တင်ပြရင်း မာန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာလေးဖြင့် နိဂုံးချုပ်အပ်ပါတယ်။

ဗြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ၊
သတ္တဝါဟူဟူ၊ ဦးမည်းဖြူတို့၊
ရှင်လူခပင်း၊ ရောဂါကင်းလျက်၊
ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊
ချမ်းသာခွန်အား၊ သက်ရှည်ပွား၏။

သက်ရှည်ကျန်းမာ၍ ချမ်းသာကြပါစေ

ခင်သက်တင် (ပညာရေး)

မာတိကာသို့

# ကဗျာကို သီကုံးပန်းသွင် ရေးစေချင်သည်

## အပိုင်း (၁)

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထွက်ပြီး နောက်တစ်ရက်တွင် ဂုဏ်ထူး(၅) ဘာသာနှင့် အောင်သော ကျောင်းသား တစ်ယောက် စာရေးသူ အိမ်သို့ ပေါက်လာသည်။ မိဘများနှင့် အတူ ဖြစ်သည်။ “သီကုံးပန်းသွင်စေချင်” စာအုပ်ကို လက်ကိုင်ပြုပြီး တစ်နွေကာလ စာရေးနည်း သင်ပြပေးသဖြင့် ကျေးဇူးကြီးကြောင်း၊ မြန်မာစာဂုဏ်ထူးပါကြောင်းပြော၍ ကန်တော့သည်။ တက္ကသိုလ်မတက်မီကြားကာလတွင် ကဗျာရေးလိုကြောင်း၊ ယခု လေးချိုးကဗျာတစ်ပုဒ်ရေးခဲ့ကြောင်း၊ လိုအပ်သလို ပြုပြင်သင်ကြားပေးပါရန်ဖြစ်ကြောင်း ပြော၍ သူ့ကဗျာ စာရွက်ကို လက်ကမ်းပါသည်။ ကဗျာမှာ လေးပိုဒ်ပါသော်လည်း လင်္ကာလည်း မဟုတ်ပါ။ အချိုးကဗျာ ဘောင် အရိပ်အယောင်လည်း တစ်ခုတစ်လေမျှ မတွေ့ရပါ။ စကားပြေစကားစုသာ ဖြစ်နေပါသည်။

ကဗျာကောင်း တစ်ပုဒ် ဖြစ်ရန်မှာ အသံကာရန် အထားအသိုကောင်းမှု သဒ္ဒ၊ စကားလုံးအသုံးအနှုန်း ထိမိမှန်ကန်ခွင်ကျမှု ပဒ၊ သိလွယ်မြင်လွယ်အောင်ဖွဲ့မှု ဗန္ဓ၊ သိပ်သည်းကျစ်လျစ် ပေါ်လွင်မှုအလှတို့ ပေမိကိုက်မိ ရှိရန်လိုပါသည်။ တစ်နည်းအားဖြင့် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့နှင့်ပြည့်၍ စကားစု၏အပြစ် ပဒဒေါသ၊ စကားစု၏ အနက်အဓိပ္ပါယ်အပြစ် ပဒတ္ထဒေါသ၊ ဝါကျဖွဲ့မှုအပြစ် ဝါကျဒေါသ၊ ဝါကျ၏အနက်အဓိပ္ပါယ်အပြစ် ဝါကျတ္ထဒေါသတို့ကင်းရန်လို၏ဟုလည်း ဆိုနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကဗျာတစ်ပုဒ်ကို ကြိုးစားအားထုတ်၍ရေးခဲ့ခြင်းမှာ ကဗျာကို နှစ်သက်မြတ်နိုးတန်ဖိုးထားစိတ်နှင့်အတူ ကဗျာရေးလိုစိတ် ပြင်းပြကြောင်း ထင်ရှားပါသည်။

ကဗျာရေးလိုသူသည် ရှေးကအကျော်စာဆိုတော်တို့၏အမွေကို မူရင်းမပျက်ခံယူလိုသည်ဖြစ်စေ၊ မိမိဉာဏ်စွမ်းဖြင့် တစ်ခေတ်ဆန်းအောင်ဖွဲ့လိုသည်ဖြစ်စေ မြန်မာ့အစဉ်အလာ ရှေးရေးကဗျာဖွဲ့ဟန်ကို အခြေခံသင့်၏။ မိမိရှေ့မှသွားသော ကဗျာဆရာများ၏ အရေးအသားကို လေးစားသင့်၏။ ထုံးဟောင်းနည်းတွင် ထပ်ဆင့်ထွင်လျှင် မြန်မာ့ယဉ်ကျေးမှုအလျဉ်မပျက် ဂုဏ်ယူဖွယ် တိုးတက်နိုင်၏ဟု ယုံကြည်ပါသည်။

ယင်းသို့ဖြစ်၍ ကဗျာမျိုးစေ့ပင်ကိုယ် ရှိသူတို့ အတွက် ကဗျာအညှောင့်၊ အစို့ အားကောင်းမောင်းသန် ထွက်ပေါ်လာစေရန် ရည်သန်၍ ကဗျာရေးနည်းအကြောင်း အခြေခံကို တစေ့တစောင်း လေ့လာဖော်ပြလိုပါသည်။ ကိုင်းခက်ယှက်ဖြာ ဖူးပွင့်ဝေဆာစေသော ကဗျာလမ်းမဆီသို့ ညွှန်ပြ လိုသော စေတနာပင်ဖြစ်ပါသည်။ ဂန္ထဝင်မြောက် ကဗျာကောင်းများ ပေါ်ပေါက်လာရေးမှအစ ကဗျာ့ ပါရဂူတစ်ဆူဆိုလောက်အောင် ခရီးရောက်ရန်မှာ မြန်မာစာ အရေးအဖွဲ့များနှင့် ကဗျာလင်္ကာရေးထုံးတို့ကို ကိုယ်တိုင်ကိုယ်ကျ ဆက်လက် လေ့လာ ဆည်းပူး၍ လေ့ကျင့်ရေးသားမှု ဝီရိယအား အဖေါ်မွန်များနှင့် ကြိုးစား လျှောက်လှမ်းကြရပါမည်။

## မြန်မာကဗျာလေ့လာစရာ

ကဗျာသည် သက္ကဋ္ဌဘာသာ "ကာဗျ"မှ လည်းကောင်း၊ ပါဠိဘာသာ "ကာဝိယ"မှ လည်းကောင်း ဆင်းသက်လာ၏။ ထို့ကြောင့် ပညာရှိတို့ အရာဖြစ်၏ဟု ဖွင့်ဆိုပါသည်။ ပညာရှိအသင်းဝင် ကဗျာဆရာကောင်း တစ်ယောက်ဟု အမည်ခံလောက်အောင် ကဗျာကောင်းများ ဖွဲ့နိုင်ရန် စိတ်ထားလည်းမြတ်၊ ပညာလည်းတတ်ပြီး ဉာဏ် ကျက်စားမှုအားကောင်းဖို့ လိုအပ်ပါသည်။ ထိုသို့ဖြစ်၍ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာ ကျမ်း၊ အဘိဓာန်ကျမ်းများမှအစ ရှေးခေတ်အရေးအသား ဂန္ထဝင်မြောက် မြန်မာစာ၊ မြန်မာ ကဗျာ အမှတ်အသားများကို စေ့စေ့နာနာ လေ့လာရန် လိုပါသည်။

ထိုသို့လေ့လာရာတွင် ရှေးဦးစွာ စံထားလောက်သော အဖွဲ့ကောင်း၊ စာကောင်းများကို နှုတ်တိုက်ရွရွ အာဂုံရအောင် ဆောင်ထားသင့်ပါသည်။ စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ဆရာတော်ကလည်း "ကြားနာ၊ ကြံစီ၊ မေးမြန်း၊ ပြောဆို၊ ဆင်ခြင်၊ ရေးသား၊ လေ့ကျင့်၊ နှုတ်ငုံဆောင်" ရ၏ဟု စာသင်သားများအား ဆုံးမစကား ဆိုခဲ့သည်။ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လေ့" ဟုပင် ဖြစ်ပါသည်။ စံကဗျာတို့ကို အာဂုံဆောင်ထားခြင်းဖြင့် ကဗျာဆရာ၏ ဉာဏ်ကျက်စားမှုသာမက ကဗျာရေးဖွဲ့မှု ပုံစံပါ ဆုပ်ဆုပ်ပိုင်ပိုင် ရနိုင်ကြောင်းကို ဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း မန်းတက္ကသိုလ်)နှင့် ကဗျာဆရာကြီးများ၏ ဆုံးမစကားကို မှတ်သားရဖူးပါသည်။

မြန်မာကဗျာဟုဆိုလျှင် မြန်မာနိုင်ငံသားတို့ ပေါ်ထွန်းစတွင် "အော့၊ အော၊ အော်"ကဲ့သို့သော အသံ ပေး သားချော့တေးများမှ စခဲ့မည်ဟု ယူဆပါသည်။ ပုဂံခေတ်ရောက်သောအခါ ကဗျာအရေးအဖွဲ့ တွင်ကျယ်ခဲ့ကြောင်းကို ကဗျာအငွေ့အသက်ကာရန် အသံများ လွှမ်းခြုံထားသော ပုဂံခေတ်ထိုး "လှည်းထောက်ဘုရားကျောက်စာ"တွင် တွေ့ရသည်။ "ကျိုးနွံနိုင်ငံ၊ အောက်ထက်စံလျက်၊ ထိုတူဟူသော စကား၊ ကောင်းမှုအားလျှင်၊ ထင်ရှား မျက်မှောက်၊ ရောက်စေသော"စသည်ဖြင့် ရေးထိုး ထားပါသည်။ ယင်းသို့ဖြစ်၍ ပုဂံခေတ်တွင် ကဗျာလင်္ကာအရေးအဖွဲ့ တွင်ကျယ်ခဲ့၏ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ယခုအခါ ပုဂံခေတ် ကဗျာလင်္ကာ အများအပြားမတွေ့ရခြင်းမှာ ရှေးအခါက မှတ်တမ်းထားရန် မလွယ်ခြင်းနှင့် နှစ်ရှည်လများ ထိန်းသိမ်းမှု အား နည်းခြင်းကြောင့်ဟု ယူဆပါသည်။

## ပုဂံခေတ်ကဗျာ

ပုဂံခေတ် လေးလုံးစပ်အရေးအသားဟု ထင်ရှားသော လင်္ကာများကို တွေ့ရသည်။ ယင်းတို့မှာ "သိုးကလေး"အစချီ ပုပ္ပါးနတ်တောင်လင်္ကာနှင့် "မြကန်သာ တောင်ကျချောင်းတေး"အစချီ မြကန်သာ လင်္ကာတို့ ပါဝင်ကြသည်။ ထိုလင်္ကာများကို အချို့က သက္ကရာဇ် ၄၀၀-နှင့် ၅၀၀-ကြား ရေးသားသည်ဟု လည်းကောင်း၊ အချို့က ထိုထက်စောသည်ဟု လည်းကောင်း ဆိုပါသည်။ မည်သို့ပင်ဆိုစေ၊ ပုဂံခေတ် အရေးအသားဖြစ်ကြောင်းကား ဝိဝါဒ မပွားပါ။

### ၁။ ပုပ္ပားနတ်တောင်

သိုးကလေး။ ပုပ္ပါးနတ်တောင်၊ အခေါင်မြင့်ဖျား၊
စုံတောပြား၌၊ နံ့ရှား ကြိုင်လွင့်၊
ခါတန် ပွင့်သည်၊
ရွှေနှင့်ယိုးမှား ပန်းစကား။

သိုးကလေး။ စကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်၊
ရဲမျိုးသမီး၊ မောင်ကြီးနှမ၊
ညက်လှ ပြာစင်၊
မဲ့သည်ပင်သည် ခရီးသား။

သိုးကလေး။ မြိတ်လွတ်စုလည်း၊
အငယ်တည်းက၊ ကျွမ်းဝင်ကြသည်၊
မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်၊
ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်၊
နှလုံးမခြား စောင့်တရား။

ဆွေမိမင်း။ မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊
ကျိုင်းစင်မြဝါ၊ မတ်ကြီးလျာကို၊
မယ်သာကြိုက်မိ တုမရှိ။ (လက်ာ)

## ၂။ မြကန်သာ

မြကန်သာ။ တောင်ကျချောင်းတေး၊
ရေဝင်ပြေးလှည့်၊
ရေအေးကြည်စွာ၊
ကန်ပိုင် မာလျက်၊
ကြာပေါင်းထုံထုံ၊
ငှက်မျိုးစုံသည်၊
ဘုံဝတိံ သာ (ဝတိံ သာက)
နန္ဒာပေလော၊ တူစွဟုတ္တာ။
(လက်ာ)

## မြင်စိုင်းခေတ်ကဗျာ

မြင်စိုင်းခေတ်တွင် ကာချင်းရေးစပ်၍ သံပြိုင်သီဆိုခဲ့ကြ၏။ သက္ကရာဇ် ၇၀၄-ခုနှစ်တွင် နန်းတက်သော ပင်းယငါးစီးရှင်ကျော်စွာ သီဆို၏ဟု သမိုင်းမှတ်တမ်းရှိသော "တာဝတိန်သာ နတ်ရွာလော" အစချီ မြင်စိုင်းရွှေပြည်ကာချင်း နာမည်ကြီးခဲ့၏။ ထိုအခါက နိုင်ငံခြား ကျူးကျော်စစ် အန္တရာယ် ကာကွယ်နိုင်ရန် ကာလဒေသ လိုအပ်ချက်နှင့်အညီ အမိမြေချစ်မြတ်နိုးစိတ်နှင့် ကာကွယ်လိုစိတ် ဇာတိ ပုညဂုဏ်မာနတို့ ဟုန်းဟုန်းထအောင် နှိုးဆွပေးခြင်း ဖြစ်၏ဟု သိရပါသည်။

### မြင်စိုင်းရွှေပြည်၊

တာဝတိန်သာ၊ နတ်ရွာလော၊ နတ်ရွာလော။

ဟုတ်တည်း ရှင်ချင်း ရှင်ချင်း။

ဟုတ်တည်း ဆွေရင်း ဆွေရင်း။

ဟုတ်တည်း သည်ရင်း သည်ရင်း။

မြင်စိုင်းဟူသည်၊ ရွှေပြည် ရွှေပြည်။ ။

မြင်စိုင်းရွှေမြေ၊ ပန်းသင်းခွေ၊
ပင်ခြေခြုံထက်နွယ်၊ ခြုံထက်နွယ်။

တောင်လေရှုန်းရှုန်း၊ မိုးခက်အုန်း၊
ကင်ပုန်းပွင့်ချီချယ်၊ ပွင့်ချီချယ်။

နွယ်ပန်းခွာညို၊ ပွင့်ပေလို၊
ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်။

တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ၊
သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်။

(ကာချင်း)

## အင်းဝခေတ်မှ ကုန်းဘောင်ခေတ်သို့

အင်းဝခေတ် (၇၂၆-၈၈၈) တွင် ကဗျာ အရေးအဖွဲ့များ ဆန်းသစ်တိုးတက် များပြားလာသည်။ ပင်းယခေတ်က စတုရင်္ဂဗလအမတ်ကြီး၏ အမေးရတုနှင့် ဆူးခြုံပစ်(ဆူးတွင်းပစ်)ဆရာတော်၏ အဖြေရတုစသော ရတုဖွဲ့ရိုးမှ အကြောင်းအရာ အဖုံဖုံ၊ ရတုဖွဲ့နည်းစုံနှင့်အတူ လေးလုံးစပ်ဖြစ်သော လင်္ကာ၊ သံပေါက်၊ ရတု၊ မော်ကွန်း၊ ဧချင်း၊ ပျို့အစရှိသော



မာတိကာသို့

အရေးအဖွဲ့များ တိုးတက်လာသည်။ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်တို့လည်း ကဝိအမော် စာဆိုတော်များအဖြစ် နာမည်ကျော်ခဲ့သည်။ တောင်ငူခေတ် (၈၇၀-၉၇၄)တွင် နတ်ရှင်နောင်၊ လျှော်ကားသုံးထောင်မှူး စသည်တို့ ထင်ရှားခဲ့သည်။

ညောင်ရမ်းခေတ် (၉၅၉-၁၁၁၃) နှင့် ကုန်းဘောင်ခေတ် (၁၁၁၄-၁၂၄၇) ရောက်သောအခါ အရေးအဖွဲ့စုံစွာ တိုးတက်လာခဲ့သည်။ လမ်းဟောင်းကိုပင် ချဲ့ထွင်နိုင်ခဲ့သဖြင့် ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတု၊ လူးတား၊ အဲချင်း၊ အန်ချင်း၊ တမ်းချင်း၊ တျာချင်း၊ ဒုံးချင်း၊ လွမ်းချင်းတို့မှစ၍ တေးထပ်ဘောလယ်၊ သီချင်းများအထိ ဆင့်ကာဆင့်ကာ ထွန်းကားလာပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လေးနက်ခံ့ညား တည်ငြိမ်ရှည်လျားသော လေးချိုးပုံစံသစ်ထွင်ကာ “လေးချိုးကြီး”ကို ရေးခဲ့သည်။ ဇော်ဂျီ၊ မင်းသုဝဏ်တို့အစ ဆရာ့ဆရာများကလည်း ရှေးရေး ကဗျာပေါ်တွင် ဆင့်ကာထွင်၍ တစ်ခေတ်ဆန်းစေသော ခေတ်စမ်းကဗျာများ ရေးသားခဲ့ပါသည်။

မြန်မာကဗျာတွင် (၁) ကဗျာ (၂) အချင်း၊ (၃) သီချင်းဟူ၍ အကြမ်းအားဖြင့် သုံးမျိုး ခွဲခြားနိုင်သည်။

(၁) **ကဗျာ**သည် ကာရန်ကို စနစ်တကျသုံးပြီး ပုံစံ စည်းမျဉ်းတို့နှင့်အညီ ဖွဲ့သည်။ ရတု၊ မော်ကွန်း၊ လူး တား၊ ပျို့စသော အဖွဲ့မျိုး ဖြစ်သည်။

(၂) **အချင်း**သည် သုံးချက်ညီကာရန်ကို အခြေခံပြီး လေးလုံးစပ်ကို မ,တည်သည်။ ငါးလုံး၊ ခြောက်လုံးပါသော ပါဒများရော၍ ရေးသည်။ အချို့က အစပ်၊ အဟပ် ပုံစံကွဲများ ညှပ်သည်။ စကားပြေ၊ စကားပြောတို့လည်း ပူးတွဲ ဖေါ်ပြလေ့ ရှိသည်။ ဆွဲဆိုနိုင်သော သံရှည်များ နေရာပေးသည်။ အချင်းကဗျာစုတွင် အဲချင်း၊ အိုင်ချင်း၊ တျာချင်း၊ ငိုချင်း၊ ညည်းချင်း၊ လွမ်းချင်းတို့ ပါဝင်သည်။ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ဘောလယ်တို့သည် အချိုးကဗျာအဖွဲ့များ ဖြစ်သော်လည်း အချင်းကဗျာကဲ့သို့ သီဆိုနိုင်ပါသည်။

(၃) **သီချင်း** ဆိုသည်မှာ ကာရန်အဖွဲ့ထက် စည်းဝါး အသံကို အလေးပေးကာသံရှည်၊ သံထပ်များဖြင့် ဖွဲ့ခြင်း ဖြစ်သည်။ ဘွဲ့၊ ကြိုး၊ ယိုးဒယားစသည်တို့ ဖြစ်သည်။ မျက်မှောက်ခေတ် မြန်မာသီချင်းလည်း ပါဝင်ပါသည်။ အချို့က အချိုးကဗျာ၊ အချင်းကဗျာများကိုလည်း အသံငဲ့၍ သီဆိုကြကြောင်း တွေ့ရပါသည်။

ယင်းသို့ဖြစ်၍ မြန်မာကဗျာအဖွဲ့အနွဲ့သည် ခေတ်အဆက်ဆက်တွင် ပုံစံအမျိုးမျိုး၊ စပ်နည်းအဖုံဖုံ တိုးတက်လာကြောင်း ထင်ရှားပါသည်။ ထိုသို့ ပုံဂံခေတ်လက်ာ အရေးအသား မြန်မာမှုများကို အခြေခံထား၍ မျက်မှောက်ခေတ်အရောက် ကာလ၊ ဒေသ၊ ပယောဂနှင့်အညီ ရေးသားဖော်ပြခဲ့ကြသော မြန်မာ့ယဉ်ကျေးမှုကဗျာစုတို့သည် မြန်မာတို့ အမြတ်တနိုး တန်ဖိုးထားအပ်သော မြန်မာနိုင်ငံသား ကဗျာမှု ပီပီသသများ ဖြစ်၏ဟု ဆိုနိုင်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)

## ဓမ္မမိတ်ဆွေများအသင်း

## မစိုးရိမ်သာသနဇောတိကကျောင်း၊ ၂၀၁၁-ခုနှစ် ကျောင်းအလှူပွဲ ဧည့်ခံကျွေးမွေးလှူဒါန်းသော အလှူရှင်များ

| | |
|---|---|
| ၁။ ထမနဲပွဲ (၃. ၂၀. ၂၀၁၁) | ဦးကျင်ဖေ + ဒေါ်သင်းသင်းစိန် မိသားစု။ |
| ၂။ နှစ်သစ်ကူးပွဲ (၄. ၁၇. ၂၀၁၁) | Kevin Wong + မမီးမီး မိသားစု |
| ၃။ ဆရာတော်ကြီးနှစ်ပတ်လည် ပူဇော်ပွဲ (၅. ၁၅. ၂၀၁၁) | အများစုပေါင်း |
| ၄။ မဟာသမယနေ့ပူဇော်ပွဲ (၆. ၁၂. ၂၀၁၁) | မစိုးရိမ်ဓမ္မသိဒ္ဓိဝတ်အသင်း |
| ၅။ ဝါဆိုပွဲ (၇. ၁၇. ၂၀၁၁) | ကိုဝိလျံ+မစန္ဒာ မိသားစု |
| ၆။ နိဗ္ဗာန်စျေးပွဲ (၈. ၂၁. ၂၀၁၁) | ---- |
| ၇။ မြတ်ဗုဒ္ဓဒေသစာရီပွဲ (၉. ၂၅. ၂၀၁၁) | ဦးဟုတ်စိန်+ဒေါ်တင်စိန် မိသားစု |
| ၈။ ကထိန်ပွဲ (၁၀. ၂၃. ၂၀၁၁) | ကိုအောင်တင်ဝင်း+မဝင်းဝင်းမော် မိသားစု |

* ၂၀၁၁-ခုနှစ် ကျောင်း mortgage, electricity, water and gas စသည်တို့အတွက် လစဉ်အလိုက် လှူဒါန်းသော အလှူရှင်များစာရင်း (ပထမ ၆-လ) အသေးစိပ်ကို ၂၀၁၁- ဝါဆိုဦးစာစောင်၌ ဖော်ပြပြီး ဖြစ်သည်။ ဒုတိယ ၆-လ လစဉ်အလိုက် အလှူရှင်များစာရင်းကို ၂၀၁၂-ခုနှစ် ဂိမှာန်ဦးစာစောင်၌ ဖော်ပြ ပါမည်။